ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့(13-11-2011)(၆၉၄၂)

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးသွားရောက်

## ဆင်းရဲမှုလျှော့ချရေး၊ လူမှုဖူလုံရေး၊ သဘာဝဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းများ လေ့လာ



အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးဆောင်အဖွဲ့ဌာနကြီးမှူး Mr.Fan Xiajian တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၁၂

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ လူသားအရင်းအမြစ်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဝန်ကြီး Mr. Yin Weimin ၏ ဖိတ်ကြားချက်အရ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၆ ရက်မှ ၁၁ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။**

မြန်မာကိုယ်စားလှယ်အဖွဲ့သည် လေ့လာရေးခရီးစဉ်အတွင်း ယူနန်ပြည်နယ် ကူမင်းမြို့ ၊ ပေကျင်းမြို့တော်နှင့် ကွမ်တုံပြည်နယ် ကွမ်ကျိုးမြို့တို့၌ အလုပ်သမားရေးရာကိစ္စရပ်များ၊ လူမှုဖူလုံရေးစီမံကိန်း အကောင်အထည်ဖော်နေမှုများ၊ လူသားအရင်းအမြစ်ပြုစုပျိုးထောင်ရေးလုပ်ငန်းစဉ်များ၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းအစီအစဉ်များ၊ စိုက်ပျိုးရေးအလုပ်သမားများ မြို့ပြစက်မှုလုပ်ငန်းများသို့ ရွှေ့ပြောင်းလုပ်ကိုင်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုများနှင့် **စာမျက်နှာ ၈ ကော်လံ ၁သို့** ☆

# အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း

## (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၂

**(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ပါလမ်ဘန်မြို့ Gelora Sriwizaya အားကစားကွင်း၌ ကျင်းပရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဆူဆီလိုဘန်ဘန်းယူဒိုယိုနို တက်ရောက်ပြီး အခမ်းအနားသို့ တက်ရောက်လာသည့် မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် အခြားပြိုင်ပွဲဝင် အာဆီယံနိုင်ငံများမှ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။**

ဖွင့်ပွဲအခမ်းအနားစတင်သည့် ညနေ၄နာရီတွင် အင်ဒိုနီးရှားနိုင်ငံ ဖျော်ဖြေရေးအဖွဲ့ဝင်များက ရိုးရာတေးဂီတသံစဉ်များနှင့်အတူ ဖျော်ဖြေတင်ဆက်ကြသည်။ ဆက်လက်၍ အိုင်တီနည်းပညာ၊ဒီဂျစ်တယ်နည်းပညာများ အသုံးပြုကာ ရောင်စုံမီးဆလိုက်များ၊မီးမောင်းများဖြင့် အင်ဒိုနီးရှားနိုင်ငံတည်ထောင်ခဲ့ပုံ၊ **စာမျက်နှာ ၈ ကော်လံ ၄ သို့**○



**(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ မြန်မာနိုင်ငံ ကိုယ်စားပြုအားကစားအဖွဲ့ ချီတက်အလေးပြုစဉ်။**

(သတင်းစဉ်)

### မြန်မာအားကစားအသင်း

## ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခု ထပ်မံဆွတ်ခူးရရှိ

ရန်ကုန် နိုဝင်ဘာ ၁၂

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ယနေ့တွင် ဆက်လက်ကျင်းပလျက်ရှိရာ အမျိုးသားကရာတေးဒို အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အောင်ခန့်၊ ကျော်ကျော်ထွန်းနှင့် မင်းဟိန်းခန့်တို့အတွဲက ဒုတိယငွေတံဆိပ်ဆုကို ရရှိသည်။ ထို့ပြင် အမျိုးသမီး နှစ်ယောက်တွဲ (K2) မီတာ ၅၀၀ ကယက်လှေလှော်ပြိုင်ပွဲ၌ မြန်မာ့လက်ရွေးစင် မြင့်မြင့်သန်းနှင့် နှင်းဝေလွင်တို့က တတိယကြေးတံဆိပ်ကို ဆွတ်ခူးရရှိပြီး ယင်းပြိုင်ပွဲတွင် ဗီယက်နမ်က ပထမ၊ စင်ကာပူက ဒုတိယ ရရှိသည်။

အလားတူ တိုက်ကွမ်ဒိုအားကစားနည်းတွင် အမျိုးသမီး **စာမျက်နှာ ၈ကော်လံ၁ သို့**❁

ကြေးမုံစာတည်းရှုထောင့်

၁၃-၁၁-၂၀၁၁        [တနင်္ဂနွေနေ့]။

## စာကောင်း ပေကောင်း မိတ်ဆွေကောင်း

ခေတ်သစ် စနစ်သစ် ပြောင်းနေပြီ။ နိုင်ငံခေတ်မီတိုးတက်ရေး အဘက်ဘက်က ကြိုးပမ်းအားထုတ်နေကြပြီ။ ပြောင်းလဲလာသော အရှိန်အဟုန်နှင့်အညီ လိုက်ပါနိုင်ရေး မိမိကိုယ်မိမိ ကြိုတင်ပြင်ဆင်သင့်သည်များ ပြင်ဆင်လေ့ကျင့်။ လေ့လာဆည်းပူးသင့်သည်များ လေ့လာဆည်းပူးခြင်းဖြင့် စူးစမ်းလေ့လာအားထုတ်နေကြရပေမည်။

မိမိတို့မျှော်မှန်းရာကို ရောက်လိုသည့်အခါ၊ ရလိုသည့်အခါ အဆင့်ဆင့်လုပ်ဆောင်ရသည်။ အခြေအနေကို ငုံ့လင့်ရသည်။ အချိန်မှန်၊ နေရာမှန်၊ အခွင့်အခါမှန်ကို ရွေးချယ်၍ အလုပ်လုပ်ခြင်းဖြင့်သာ အောင်မြင်မှု ရရှိနိုင်မည်ဖြစ်သည်။ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကာလ သုံးပါးသည် ဆက်စပ်လျက်ရှိရာ လူ့လောကတွင် နှီးနွှယ်နေသော အသိတရားများကို ဖြန့်ကြက်သိရှိသုံးသပ်ထားရန် လိုအပ်မည်ဖြစ်သည်။

ယင်းသို့ လေ့လာသိရှိနိုင်ရန်အတွက် လူတိုင်း စာဖတ်ကြရန်လိုပါသည်။ မိမိကိုယ်တိုင် မသိ၊ မကြုံရသော အချက်အလက်၊အကြောင်းအရာ၊ ဗဟုသုတများကို စာဖတ်ခြင်းမှ ရရှိနိုင်သည်။ ခေတ်အဆက်ဆက် စာပေသုတေသီတို့ရေးသားထားသော စာပေဘဏ်တိုက်ထဲတွင် အသုံးဝင်အဖိုးတန်သော စာပေရတနာတို့များစွာရှိသည်။ အကောင်း အဆိုး၊ အကျိုးအပြစ် ရှာဖွေဖတ်ရှု ထုတ်နုတ်အသုံးပြုတတ်ရန်သာ လိုသည်။

စာပေလောကတွင် ကျက်စားသူသည် ကမ္ဘာတစ်ခွင် ပညာရပ်နယ်ပယ် အသီးသီးသို့ ထိုးဖောက်ဝင်ရောက်ရသည်နှင့် တူသည်။ ယဉ်ကျေးမှု၊ အနုပညာ၊ ဂီတ၊ ရသများ ခံစားရရှိနိုင်သည်။ စာဖတ်ပါလျက် အသိအလိမ္မာ မတိုးသူမှာ စာပေမှ အကျိုးတစ်စုံတစ်ရာ မထုတ်ယူတတ်သောကြောင့်သာ ဖြစ်ပေမည်။ စာသည် သက်မဲ့ပစ္စည်းသာဖြစ်ရာ လူက စာပေဖတ်ရှုလေ့လာထုတ်နုတ်ယူနိုင်မှသာ အသိပညာတိုးပွား အကျိုးများနိုင်မည်ဖြစ်သည်။

စာပေဖတ်ရှုရာတွင်လည်း စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုကြရန် လိုအပ်သည်။ လူသားချင်း စာနာထောက်ထား၊ စာရိတ္တကောင်းမွန်၊ အမျိုးသားရေးအားမာန် တက်ကြွစေသော စာများသည် စိတ်ဓာတ်ကောင်း၊ စရိုက်ကောင်းများကို ဖြစ်ထွန်းစေသည်။ ကိုယ့်အားကိုယ်ကိုးသည့်စိတ်ထား၊ စုပေါင်းဆောင်ရွက်သည့် အလေ့အထများ၊ စည်းကမ်းဥပဒေ လေးစားလိုက်နာတတ်သည့် စာပေများဖတ်ရှုရခြင်းသည် မိတ်ကောင်း ဆွေကောင်းများ တိုးပွားရရှိလာသည်နှင့်တူသည်။

ယနေ့ကာလကဲ့သို့ ခေတ်သစ် စနစ်သစ်သို့ ရှေးရှုချီတက်နေချိန်တွင် စိတ်ဓာတ်ကောင်း၊ စေတနာကောင်းသော လူချွန်လူမွန်များ လိုအပ်ပါသည်။ အနာဂတ်နိုင်ငံအတွက် လက်ဆင့်ကမ်းတာဝန်ယူကြမည့် ယနေ့လူငယ်များကို အဘက်ဘက်က ထူးချွန်ထက်မြက်အောင် ပျိုးထောင်ပေးကြရပါမည်။ လူတိုင်းစာတတ်မြောက်အောင် ကြိုးပမ်းကြရပါမည်။ စာတတ်သူတိုင်းက စာကောင်းပေမွန်များ မပြတ်ဖတ်ရှုလေ့လာပြီး မိတ်ကောင်းဆွေကောင်းဖွဲ့သွားကြရန် ကြေးမုံက တိုက်တွန်းလိုက်ပါသည်။ ။

# ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် လူထုလမ်းလျှောက်ပွဲနှင့် ကျန်းမာရေးဟောပြောပွဲ ကျင်းပ

ရန်ကုန်        နိုဝင်ဘာ        ၁၂

**ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးကော်မတီနှင့် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးစီမံချက်တို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် လူထုလမ်းလျှောက်ပွဲနှင့် ကျန်းမာရေးဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် ကန်တော်ကြီးဗိုလ်ချုပ်ကြေးရုပ်ကွျန်း အားကစားရုံရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်နှင့် တိုင်းဒေသကြီးလူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး** (အောက်ပုံ) **ကန်တော်ကြီး ဗိုလ်ချုပ်ကြေးရုပ်ကွျန်း တစ်ပတ် စုပေါင်းလမ်းလျှောက်ကြသည်။**



ယင်းနောက် အားကစားရုံ၌ ကမ္ဘာ့ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ကျန်းမာရေး ပညာပေးဟောပြောပွဲကို ဆက်လက်ကျင်းပရာ ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေး စီမံချက်မန်နေဂျာ ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်က ဆီးချိုသွေးချိုရောဂါ သိကောင်းစရာများကို ပညာပေးဟောပြောပြီး အခမ်းအနားအပြီးတွင် တက်ရောက်လာသူများအား အခမဲ့ ဆီးချိုသွေးချို စစ်ဆေးပေးခြင်းကို ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၌ ကျင်းပသည့် ကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းနှင့် လက်မှတ်ထုတ်ပေးရေးဌာန ကျွမ်းကျင်ပြီး လက်သမားများအား စိစစ်အကဲဖြတ်လက်မှတ်ထုတ်ပေးခြင်းအစီအစဉ် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် လုပ်ငန်းခွင်၌ အတွေ့အကြုံအရ ကြားဆရာ၊ သင်ဆရာ၊ မြင်ဆရာများက တစ်ဆင့် တတ်ကျွမ်းခဲ့ပြီး လုပ်ငန်းများကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်သူများအား တရားဝင်အသိအမှတ်ပြု လက်မှတ် ထုတ်ပေးမည့် သင်တန်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဌာန်းရေးအဖွဲ့မှ ရေးဆွဲထားသော ကျွမ်းကျင်မှု "စံ" များအပေါ်အခြေခံ၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပူးပေါင်းကာ ကျွမ်းကျင်ပြီးလုပ်သားများအား Recognition of Prior Learning (RPL) နည်းစနစ်များအရ စိစစ်အကဲဖြတ်၍ အသိအမှတ်ပြုရေးအတွက် ရှေ့ပြေးပရောဂျက် (Pilot Project) တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်ကို သိရှိရကြောင်း၊ ရှေ့ဆက်၍လည်း လုပ်ငန်းခွင်မှ ကျွမ်းကျင်လုပ်သားများအတွက် ကျွမ်းကျင်မှု အဆင့်မြှင့်သင်တန်းများ ဖွင့်လှစ်သွားရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ အရည်အသွေး ထိန်းသိမ်းရေးဓာတ်ခွဲခန်း၊ ရည်ညွှန်းစာကြည့်တိုက်နှင့် ကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းနှင့် လက်မှတ်ထုတ်ပေးရေးဌာနတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ပခုက္ကူ ရေဘေးသင့်ပြည်သူများအတွက် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ လှူဒါန်း

ဆိပ်ဖြူ        နိုဝင်ဘာ        ၁၂

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးစီးဦးဆောင် ဖွဲ့စည်းတည်ထောင်ထားသော ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းအဖွဲ့မှ အောက်တိုဘာ ၂၆ ရက်တွင် ပခုက္ကူဒေသအတွင်းရှိ ရေဘေးသင့်နေရာများဖြစ်ကြသော ဆိပ်ဖြူ မြို့နယ် တောင်ရွာမရွာအပါအဝင် ရွာပေါင်း ၂၆ ရွာအတွက် ငွေကျပ် ၂၈ သိန်း တန်ဖိုးရှိသော ဆေးဝါးမျိုးစုံ၊ ဆန်အိတ် ၅၈၀၊ မြွေဆိပ်ဖြေဆေးအလုံး ၅၀နှင့် ငွေကျပ် ၂၅ တန်ဖိုးရှိ ရေသန့်တိုင်ကီသုံးလုံးကို လည်းကောင်း၊ ပခုက္ကူမြို့နယ် ရေပြာရွာ အတွက် ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းများနှင့် ဆန်အိတ် ၆၀ ကို လည်းကောင်း၊ ရေဘေးသင့်ပြည်သူ ၁၂၀၀ တို့အတွက် ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းနှင့် ဆန်အိတ် ၂၀၀ ကိုလည်းကောင်း စုစုပေါင်းငွေကျပ်သိန်း နှစ်ရာခန့် တန်ဖိုးရှိ ပစ္စည်းများကို ရွှေပါရမီဖောင်ဒေးရှင်းဘဏ္ဍာရေးမှူး Capt ဦးဌေးမြင့်နှင့် အဖွဲ့က တောင်ရွာမရွာပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင်းမော်ထွန်းနှင့် ဆိပ်ဖြူမြို့နယ် ဆေးရုံအုပ်ကြီးတို့ထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ကြေးမုံ)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၂-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၇၄၀၀ | ၀. ၀၃၂၅၃ |
| တရုတ် (ယွမ်) | ၆. ၃၄၂၆၀ | ၀. ၁၅၇၆၆ |
| အိန္ဒိယ (ရူပီး) | ၅၀. ၀၀၀၀ | ၀. ၀၂၀၀၀ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၄၂၅၀ | ၀. ၃၁၈၂၂ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၈၀၄၀ | ၀. ၇၈၁၀၁ |
| ဂျပန် (ယန်း) | ၇၇. ၁၂၀၀ | ၀. ၀၁၂၉၇ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၂၆. ၅၀ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၂၇၅၉ | ၁. ၃၇၄၄၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၁၉၅ | ၁. ၆၀၇၈၅ |

***အင်တာနက်။***

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၃-၁၁-၂၀၁၁ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို
၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

၁၁း၀၄ ၁။ နိုင်ငံတော်သီချင်း
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၁၅ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၁း၂၅ ၅။ **ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ (အပိုင်း-၄)**
၁၁း၅၅ ၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ဘဝရဲ့သင်ခန်းစာ**
၁၂း၄၅ ၇။ ကျန်းမာသုတ
၁း၀၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၁း၁၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖူးစင်သောနှလုံးသား (အပိုင်း-၃၃)**

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၅။ လျှပ်တစ်ပြက်
၄း၃၀ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၅၀ ၇။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၂။ ဘဝကြေးမုံ
၆း၅၀ ၁၃။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၂၆)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၂၀။ ပဟေဠိနန်းတော်
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၁၀)**
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၉၅)**

## အမက(၁၁) ဖျာပုံ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ဖျာပုံ        နိုဝင်ဘာ        ၁၂**

ဖျာပုံမြို့ အမှတ်(၁၁) မကျည်းတန်း အခြေခံပညာ မူလတန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၂၀ ရက် (အမျိုးသားနေ့) နံနက် ၁၀ နာရီတွင် ဖျာပုံမြို့ (၄)ရပ်ကွက်ရှိ အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဦးခင်မြင့် ဖုန်း-၀၄၅-၄၀၀၉၂၊ ကိုမျိုးဝင်းနိုင်(ခ) ဝီချိုင်း ဖုန်း-၀၄၅-၄၁၀၈၆၊ ၀၉-၈၅၉၂၁၅၅၊ ကိုသက်အောင်(ခ) သားသားကြီး ဖုန်း-၀၄၅-၄၀၂၉၃၊ ကိုသန်းအောင် ဖုန်း-၀၄၅-၄၀၂၆၂၊ ဦးအောင်မင်း ဖုန်း-၀၉-၈၅၉၁၇၇၇၊ ကိုရဲဝင်းနိုင် ဖုန်း-၀၄၅-၄၁၄၂၃၊ ဦးအောင်ကျော်ဆန်း ဖုန်း-၀၄၅-၄၀၉၆၂၊ ကိုမောင်မောင်ဦး ဖုန်း-၀၄၅-၄၀၁၀၂၊ ကိုမျိုးမျိုးအောင် ဖုန်း-၀၉-၈၅၉၁၇၂၆၊ ကိုနေမျိုးအောင်နှင့် ကိုထွန်းထွန်း ဖုန်း-၂၂၄၄၆၅၊ ကိုဇော်မင်းအောင် (ရန်ကုန်)တို့နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(၁၆၈)



**နိုဝင်ဘာ ၆ ရက်က အထက(၁)မင်္ဂလာတောင်ညွန့် စာကြည့်တိုက်၌ ကျင်းပသည့် ယခင် ကန်တော်ကလေးစတိတ်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲတွင် ကျောင်းသားဟောင်းတစ်ဦးဖြစ်သည့် ကပ္ပတိန်လှတင်က ငွေကျပ် ၃၀၀၀၀၀ ကို ကျင်းပရေးကော်မတီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးအေးကျော်ထံ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

**နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ**

# ဖူကူရှီးမားနျူကလီးယားစက်ရုံ၌ သတင်းထောက်များ ဝင်ရောက်လေ့လာခွင့်ရ

**တိုကျို နိုဝင်ဘာ ၁၂**

ဂျပန်နိုင်ငံ၏ ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့သော ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားစက်ရုံအတွင်းသို့ နိုဝင်ဘာ ၁၂ ရက်တွင် ဝင်ရောက်လေ့လာရန် သတင်းထောက်များအဖွဲ့တစ်ဖွဲ့ကို ခွင့်ပြုပေးမည်ဖြစ်ကြောင်း သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဖူကူရှီးမားနျူကလီးယားစက်ရုံ၌ သတင်းထောက်များ၊ ဓာတ်ပုံသတင်းထောက်များနှင့် ရုပ်မြင်သံကြားရိုက်ကူးရေးအဖွဲ့ဝင်များပါဝင်သော သတင်းအဖွဲ့တစ်ဖွဲ့ကို ကွင်းဆင်းလေ့လာစေမည်ဖြစ် ကြောင်း တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဂျပန်နိုင်ငံ၌ မတ်လက အင်အားပြင်း မြေငလျင်လှုပ်ခဲ့ပြီးနောက် ဆူနာမီရေလှိုင်းရိုက်ခတ်မှုနှင့်အတူ ဓာတ်ရောင်ခြည်ယိုစိမ့်မှုဘေးအန္တရာယ် ဖြစ်ပေါ်ခဲ့ရသည်။ ယင်းနျူကလီးယားဘေးအန္တရာယ်သည် လွန်ခဲ့သည့် ၂၅ နှစ်က ဆိုဗီယက်ပြည်ထောင်စု၌ ချာနိုဘိုင်းလ်နျူကလီးယားစက်ရုံ မတော်တဆမှုဖြစ်ရပ်နောက်ပိုင်း အကြီးကျယ်ဆုံးဖြစ် သည်။

ဖူကူရှီးမား နျူကလီးယားစက်ရုံ၌ လေ့လာခွင့်ရရှိမည့် သတင်းအဖွဲ့တွင် နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်လေးဦး ပါဝင်သည်။

ဖူကူရှီးမား နျူကလီးယားစက်ရုံ၌ တွေ့ကြုံနေရသော ပြဿနာ ပြေလည်တော့မည်ကို ထုတ်ဖော်ပြသနိုင်ရန် တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီက သတင်းအဖွဲ့ကို ဖိတ်ခေါ်ခဲ့သည်။

**အင်တာနက်။**



**ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဖူကူရှီးမား နျူကလီးယားစက်ရုံကို တွေ့ရစဉ်။**

# ကိုရီးယား တောင်တက်သမားနှစ်ဦး ဟိမဝန္တာတောင်တန်း၌ သေဆုံး

**ဆိုးလ် နိုဝင်ဘာ ၁၂**

ဟိမဝန္တာတောင်တန်းဒေသ၌ တောင်တက်ခရီးနှင်နေသော တောင်ကိုရီးယားနိုင်ငံသားနှစ်ဦးသည် တောင်ပေါ်သို့ တက်နေစဉ် လိမ့်ကျခဲ့ကြပြီး သေဆုံးခဲ့ကြရကြောင်း ကိုရီးယားအယ်လ်ပိုင်းဖက်ဒရေးရှင်းက နိုဝင်ဘာ ၁၂ရက်တွင် ပြောကြားသည်။

ကေတူးတောင်တက်အဖွဲ့၏ အဖွဲ့ခေါင်းဆောင် ကင်ဟွန်း (၄၃ နှစ်)နှင့် အဖွဲ့ဝင် ချန်ဂျေမြွန်းတို့သည် ဟိမဝန္တာ တောင်တန်းဒေသရှိ ချိုလက်ဆေးတောင်ထွတ်ပေါ်သို့ တက်ရောက်နေစဉ်အတွင်း တောင်ပေါ်မှ လိမ့်ကျသေဆုံးခဲ့ကြကြောင်း ကိုရီးယားအယ်လ်ပိုင်း ဖက်ဒရေးရှင်းက ပြောကြားသည်။

၎င်းတို့နှစ်ဦး၏ရုပ်အလောင်းများကို အခြေစိုက်စခန်း၌ ကျန်ရစ်ခဲ့သော ၎င်းတို့၏တောင်တက်ဖော်များက နောက်ပိုင်းတွင် ရှာဖွေတွေ့ရှိခဲ့ကြသည်။

အခြေစိုက်စခန်းမှ တောင်တက်သမားများသည် ကိုရီးယားနှစ်ဦးနှင့် ရေဒီယိုအဆက်အသွယ် ပြတ်တောက်ခဲ့ပြီးနောက် ရှာဖွေရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။

ကိုရီးယားတောင်တက်သမားနှစ်ဦးသည် အမြင့်မီတာ ၆၄၄၀ (၂၁၂၅၂ ပေ)ရှိ ချိုလက်ဆေး တောင်ထွတ်ပေါ်သို့ တက်ရောက်နေစဉ် အမြင့်မီတာ ၅၁၀၀ တွင် လိမ့်ကျသေဆုံးခဲ့ကြသည်။

**အင်တာနက်။**

# ယူနက်စကိုအဖွဲ့ ရန်ပုံငွေမလုံလောက်၍ အစီအစဉ်များ ရပ်ဆိုင်းထားရ

**ပါရီ နိုဝင်ဘာ ၁၂**

အမေရိကန်နိုင်ငံက ရန်ပုံငွေထောက်ပံ့ပေးမှုကို ရပ်သိမ်းလိုက်ပြီးနောက် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)၏ အစီအစဉ်များကို ယခုနှစ်ကုန်အထိ ရပ်ဆိုင်းထားလိုက်ရကြောင်း အဆိုပါအဖွဲ့အစည်း၏ ညွှန်ကြားရေးမှူးချုပ်က နိုဝင်ဘာ ၁၁ ရက်တွင် ပြောကြားသည်။

မိမိတို့အေဂျင်စီသည် ရည်မှန်းထားသော အစီအစဉ်များကို အကောင်အထည်ဖော်နိုင်ရန် ဒေါ်လာ ၆၅ သန်း လိုအပ်ကြောင်း၊ သို့ဖြစ်၍ အစီအစဉ်များကို ယခုနှစ်ကုန်အထိ ရပ်ဆိုင်းထားရမည်ဖြစ်ကြောင်း ယူနက်စကို ညွှန်ကြားရေးမှူးချုပ် အာရီနာဘိုကိုဗာက ယူနက်စကို အဖွဲ့ဝင်နိုင်ငံများမှ သံတမန်များနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

ယူနက်စကိုအဖွဲ့ဝင်အဖြစ် ပါလက်စတိုင်းကို အဖွဲ့ဝင်အဖြစ်လက်ခံရေးကိစ္စနှင့်ပတ်သက်၍ အငြင်းပွားမှုဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်က ယင်းအဖွဲ့အစည်းသို့ ရန်ပုံငွေထည့်ဝင်မှုကို ဆိုင်းငံ့ထားလိုက်သည်။

၂၀၁၁ ခုနှစ်သည် အမေရိကန်နိုင်ငံက ထည့်ဝင်ရမည့် ရန်ပုံငွေကို မရရှိသဖြင့် မိမိတို့အဖွဲ့အစည်းသည် ရန်ပုံငွေ လိုငွေပြလျက်ရှိကြောင်း ၎င်းကပြောကြားသည်။

ယူနက်စကို အဖွဲ့ဝင်နိုင်ငံများသည် လွန်ခဲ့သည့်လက ပါလက်စတိုင်းကို တင်းပြည့်အဖွဲ့ဝင်အဖြစ် သတ်မှတ်ရန် မဲခွဲဆုံးဖြတ်ခဲ့ရာ အမေရိကန်နှင့်အစ္စရေးတို့က ရန်ပုံငွေထည့်ဝင်နေမှုများကို ရပ်ဆိုင်းခဲ့ကြသည်။ **အင်တာနက်။**

# အင်ဒိုနီးရှားရှိ ကျွန်းများအားလုံး၌ အင်တာနက်ကွန်ရက် ဖြန့်ကြက်မည်

**ဂျကာတာ နိုဝင်ဘာ ၁၂**

အင်ဒိုနီးရှားနိုင်ငံရှိ ကျွန်းများအားလုံး၌ ၂၀၁၂ ခုနှစ်ထက်နောက်မကျဘဲ အင်တာနက်အသုံးပြုလာနိုင်စေရန် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက စီမံကိန်းချဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဝန်ကြီးဌာနမှ ကျွမ်းကျင်သူ ပညာရှင်တစ်ဦးက နိုဝင်ဘာ ၁၂ ရက်တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံရှိ ကျွန်းများအားလုံး၌ ၂၀၁၆ ခုနှစ်နောက်ဆုံးထား၍ ဘရော့ဘန်းကွန်ရက်များကို ဖြန့်ကြက်သွားရန်လည်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ ကျွမ်းကျင်သူပညာရှင် ဆူပရာဝိုတိုက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ သတင်းအချက်အလက် နည်းပညာအစီအစဉ်အရ နိုင်ငံတွင်းရှိ ကျွန်းများအားလုံးတွင် အင်တာနက်ကွန်ရက် ဖြန့်ကြက်မည်ဖြစ်သည်။

အင်တာနက်ကွန်ရက်ကိုဖြန့်ကြက်နိုင်ခြင်းဖြင့် မိမိတို့ပြည်သူများ သတင်းအချက်အလက်များကို လျင်မြန်စွာရရှိရန် အထောက်အကူရရှိမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေသီကျွန်းမြောက်ပိုင်း ဂိုရွန်တာလိုမြို့၌ ကျင်းပသောဆွေးနွေးပွဲတစ်ရပ်တွင် ဆူပရာဝိုတိုက ပြောကြားသည်။

အင်ဒိုနီးရှားပြည်သူများသည် ၎င်းတို့၏ ပညာရေးရည်မှန်းချက်များအတွက် အင်တာနက်ကို အသုံးပြုလာနိုင်မည်ဖြစ်ပြီး သတင်းအချက်အလက်နည်းပညာဖြင့် ရပ်ရွာအဖွဲ့အစည်းတိုင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**အင်တာနက်။**



**အင်ဒိုနီးရှားနိုင်ငံ၌ အင်တာနက်သုံးစွဲမှု မြှင့်တင်လျက်ရှိသည်ကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



# တူရကီကူးတို့သင်္ဘော ပြန်ပေးဆွဲမှု ပြန်ပေးသမားသေဆုံးခြင်းဖြင့် နိဂုံးချုပ်

**အန်ကာရာ နိုဝင်ဘာ ၁၂**

ခရီးသည်တင် ကူးတို့သင်္ဘောငယ်တစ်စင်းကို ၁၂နာရီကြာ ပြန်ပေးဆွဲထားသည့် ကဒ်သူပုန်ဟုယူဆရသူကို တူရကီလုံခြုံရေးတပ်ဖွဲ့များက စနေနေ့နံနက်စောစောတွင် အသေပစ်သတ်လိုက်နိုင်ခဲ့သည်။

ပလတ်စတစ်ဖောက်ခွဲရေးပစ္စည်းများကို ၎င်းနှင့်အတူ သယ်ဆောင်လာခဲ့သည်ဟု နှောင်းပိုင်း၌ အတည်ပြုပြောကြားသည်။

ကူးတို့သင်္ဘော "ကာတိတ်"ကို လောင်စာဆီကုန်ခန်းသွားသဖြင့် အစ္စတန်ဘူမြို့အနောက်ဘက် စီလီဗရီမြို့ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အရုဏ်မတက်မီ ဝင်ရောက်စီးနင်း၍ အဆိုပါ ပြန်ပေးဆွဲသူအား အဆုံးစီရင်ခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်တွင် ခရီးသည် ၂၄ ဦးနှင့် သင်္ဘောဝန်ထမ်းများ တစ်စုံတစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိဟု ဆိုသည်။

ပြန်ပေးဆွဲသူမှာ မင်တဂူဇေး အမည်ရှိသူဖြစ်ကြောင်း၊ ၎င်းသည် နိုင်ငံအနောက်မြောက်ပိုင်း ကိုကေးလိုင်ပြည်နယ်ရှိ ကဒ်သူပုန်အုပ်စု၏ လူငယ်အဖွဲ့ခေါင်းဆောင်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး အစ်ဒစ်နာအင်းဆာဟင်းက ပြောသည်။

၎င်းသည် ၁၉၈၄ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၂၀၀၉ ခုနှစ်၌ တပ်မတော်မှထွက်ပြေးကာ သူပုန်တပ်ဖွဲ့သို့ ဝင်ရောက်သွားခဲ့သည်ဟု ဆက်လက်ပြောကြားသည်။

ဂူဇေးသည် ခန္ဓာကိုယ်တွင် စီဖိုးပလတ်စတစ် ဖောက်ခွဲရေးပစ္စည်းများ လွယ်ထားခဲ့သည်ဟုလည်း ဆိုသည်။

စောစောပိုင်း၌ ပြည်နယ်အုပ်ချုပ်ရေးမှူးက ဂူဇေးသည် လက်နက်ကိုင်ဆောင်ထားခြင်း မရှိကြောင်း၊ ရေဘူးအခွံများနှင့် လျှပ်စစ်ဝိုင်ယာကြိုးအချို့ကိုသာ ကိုင်ဆောင်ထားကြောင်း ပြောကြားခဲ့သည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေးအတွက် ကြိုးပမ်းနေသော ကဒ်သူပုန်များကို တူရကီအစိုးရတပ်ဖွဲ့များက တိုက်ခိုက်နေခြင်းအား ကမ္ဘာက အာရုံစိုက်လာမိစေရန် ကြိုးစားခဲ့သော ပြန်ပေးသမား ဂူဇေးသည် "ကာတိတ်"ကူးတို့သင်္ဘောကို အစ်မစ်ဆိပ်ကမ်းမှ သောကြာနေ့ညနေပိုင်းတွင် တက်ရောက်စီးနင်းခဲ့ပြီးနောက် ၎င်း၏ခန္ဓာကိုယ်တွင် ဖောက်ခွဲရေးပစ္စည်းများပါလာကြောင်းကြေညာ၍ သင်္ဘောကို ထိန်းချုပ်အပိုင်စီးခဲ့ခြင်းဖြစ်သည်။

ကူးတို့သင်္ဘောသည် လောင်စာဆီကုန်ခန်း၍ စီလီဗရီဆိပ်ကမ်းသို့ ဝင်ရောက်မဆိုက်ကပ်မီ မာမာရာ ပင်လယ်ပြင်အတွင်း၌ ခေါက်တုန့်ခေါက်ပြန် ကွေ့ကောက်မောင်းနှင်နေခဲ့သည်။ ယင်းသင်္ဘော၏နောက်မှ ကပ်လိုက်နေသည့် ကမ်းရိုးတန်းစောင့်သင်္ဘောက ယင်းသင်္ဘောကို စစ်ဆင်ရေးဆောင်ရွက်ရန် သင့်လျော်သော စီလီဗရီဆိပ်ကမ်းကို ရွေးချယ်ဆိုက်ကပ်စေခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ရေတပ်ကွန်မန်ဒိုများနှင့် အကြမ်းဖက်တိုက်ဖျက်ရေးအဖွဲ့ဝင်များက ခရီးသည်များအသွင်ဟန်ဆောင်၍ သင်္ဘောပေါ်တက်ရောက်ပြီး နေမထွက်မီ ပြန်ပေးသမားကို ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောသည်။

ပြန်ပေးသမားသည် လက်နက်ကိုင်ဆောင်ထားခြင်း ရှိမရှိမှာ ရှင်းလင်းစွာမသိရှိရပေ။ **အင်တာနက်။**



**ပြန်ပေးဆွဲခံရသော ကူးတို့သင်္ဘော "ကာတိတ်"ကို တွေ့ရစဉ်။**

# အီရန် အဏုမြူအစီအစဉ် ရုရှားသိပ္ပံပညာရှင် ကိုစွပ်စွဲ

**မော်စကို နိုဝင်ဘာ ၁၂**

အီရန်နိုင်ငံအနေဖြင့် အဏုမြူဗုံးပြုလုပ်နိုင်ရန် ရုရှားသိပ္ပံပညာရှင်တစ်ဦးက ကူညီခဲ့သည်ဆိုသော စွပ်စွဲချက်တစ်ရပ်နှင့် ပတ်သက်၍ ယင်းသိပ္ပံပညာရှင်က ငြင်းဆိုလိုက်ကြောင်း ရုရှားသတင်းဌာနများက နိုဝင်ဘာ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဗီယာချီခလက်ဒါနီလန်ကိုအမည်ရှိ ရုရှားသိပ္ပံပညာရှင်သည် အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ငါးနှစ်ထက်မနည်းအကူအညီပေးခဲ့သည်ဟု ကွမ်မာဆန်အမည်ရှိ ရုရှားသတင်းစာက ထောက်လှမ်းရေးသတင်းရပ်ကွက်ကို ကိုးကားလျက်ရေးသားဖော်ပြသည်။

ဒါနီလန်ကိုသည် ယခုအခါ (၇၆)နှစ် ရှိပြီဖြစ်သည်။

အဆိုပါ သိပ္ပံပညာရှင်သည် ရုရှားနိုင်ငံ၏ လျှို့ဝှက်နျူကလီးယားလက်နက်သုတေသနဌာနတစ်ခုတွင် ဆယ်စုနှစ်ပေါင်းများစွာ အလုပ်လုပ်ကိုင်ခဲ့သူဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြသည်။

အီရန်နိုင်ငံသည် အဆင့်မြင့်မားသော ဖောက်ခွဲရေးစနစ်တစ်ရပ်ကို တီထွင်ဖော်ထုတ်နိုင်ရန် နိုင်ငံခြားသား ကျွမ်းကျင်သူပညာရှင်တစ်ဦးက ကူညီခဲ့သည်ဟု ကုလသမဂ္ဂ၏ မကြာမီက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

သို့ရာတွင် ယင်းကျွမ်းကျင်သူပညာရှင် မည်သူမည်ဝါဖြစ်သည်ကို ဖော်ပြခြင်းမရှိပေ။ **ရိုက်တာ။**

## ဥပ္ပါတသန္တိစေတီတော်မြတ်အား တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနှင့် ပေါလစ်ဗျူရိုအဖွဲ့ဝင် ပေကျင်း မြူနီစီပယ်ကော်မတီအတွင်းရေးမှူး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ သွားရောက်ဖူးမြော်

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနှင့် ပေါလစ်ဗျူရိုအဖွဲ့ဝင် ပေကျင်း မြူနီစီပယ်ကော်မတီအတွင်းရေးမှူး H.E. Mr. Liu Qi ဥပ္ပါတသန္တိစေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်မြတ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတုတ္ထအကြိမ်ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုစဉ်။** (သတင်းစဉ်)



**နေပြည်တော် နိုဝင်ဘာ ၁၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနှင့်ပေါလစ်ဗျူရိုအဖွဲ့ဝင် ပေကျင်း မြူနီစီပယ်ကော်မတီအတွင်းရေးမှူး H.E. Mr. Liu Qi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် သံရုံးမှတာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်အား သွားရောက်ဖူးမြော်ကြသည်။

**ဖူးမြော်ကြည်ညို**

ရှေးဦးစွာ ဧည့်သည်တော် H.E. Mr. Liu Qi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် စေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်မြတ်နှင့် ယာယီသီတင်းသုံးစံပယ်အပူဇော် ခံယူလျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်တို့အား ပန်းများဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းမြေ့စွာလာရောက်ဖူးမြော် ပူဇော်ကြသည်ကို ကြည့်ရှုကြသည်။

**အလှူငွေပေးအပ်**

ဆက်လက်၍ ဧည့်သည်တော် H.E. Mr. Liu Qi သည် စေတီတော်ဂေါပကအဖွဲ့ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး စေတီတော်အတွက် အလှူတော်ငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံကြသည်။

ယင်းနောက် H.E. Mr. Liu Qi နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင် အရှေ့မြောက်အရပ်ရှိ မဟာဆုတောင်းပြည့်ဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး စေတီတော်အား လှည့်လည်ကြည်ညို၍ လှူဒါန်းမှုအစုစုအတွက် ရင်ပြင်တော်အရှေ့အရပ်ရှိ ခေါင်းလောင်းတော်ကို ထိုးခတ်ကာ အမျှပေးဝေကြသည်။

ထို့နောက် စေတီတော်အရှေ့အရပ်ရှိ ဆင်ဖြူတော်ဥယျာဉ်သို့ သွားရောက်၍ ဆင်ဖြူတော်များအား အစာအာဟာရကျွေးမွေး ဒါနပြုကြကာ H.E. Mr. Liu Qi က ဆင်ဖြူတော်များအတွက် အမေရိကန်ဒေါ်လာ ၁၀၀ ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

## ရထားလက်မှတ်ခနှုန်းထားများ ပြင်ဆင်ပြောင်းလဲ သတ်မှတ်တော့မည်

ကိုကြီးသာ

ရန်ကုန် နိုဝင်ဘာ ၁၂

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ပြေးဆွဲလျက်ရှိသော ရထားများ၏ စီးနင်းခနှုန်းထားများကို မကြာမီရက်ပိုင်းအတွင်း စတင်ပြောင်းလဲသတ်မှတ်၍ ပြေးဆွဲတော့မည်ဖြစ်ကြောင်း သိရသည်။**

ပြောင်းလဲပြေးဆွဲသွားမည့် ရထားလက်မှတ်ခနှုန်းထားများမှာ-

**ရန်ကုန်-ပြည်လမ်းအပိုင်း**

အမှတ်(၇၁)အဆန် အမြန်ရထား ရိုးရိုးတန်းလက်မှတ်ခနှုန်းထားများ
ရန်ကုန်မှ ပြည်မြို့သို့ လူကြီးတစ်ဦး (၁၉၅၀)ကျပ်
〃 ကလေးတစ်ဦး (၁၀၀၀)ကျပ်

**ရန်ကုန်-ထားဝယ်ဆိပ်ကမ်းလမ်းပိုင်း**

အမှတ်(၁၇၅)အဆန် ရိုးရိုးတန်းအမြန်ရထားလက်မှတ်
ရန်ကုန်မှ ထားဝယ်ဆိပ်ကမ်းသို့ လူကြီးတစ်ဦး (၅၁၅၀)ကျပ်
〃 ကလေးတစ်ဦး (၂၆၀၀)ကျပ်

**ရန်ကုန်-မော်လမြိုင်-ရေး လမ်းပိုင်း**

အမှတ်(၈၉)အဆန် အမြန်ရထားရိုးရိုးတန်းလက်မှတ်
ရန်ကုန်မှ ရေးသို့ လူကြီးတစ်ဦး (၃၂၅၀)ကျပ်
〃 ကလေးတစ်ဦး (၁၆၅၀)ကျပ်

**ရန်ကုန်-မန္တလေး လမ်းပိုင်း**

အမှတ်(၃)အဆန် ရိုးရိုးတန်းအမြန်ရထားလက်မှတ်
ရန်ကုန်မှ မန္တလေးသို့ လူကြီးတစ်ဦး (၄၆၅၀)ကျပ်
〃 ကလေးတစ်ဦး (၂၃၅၀)ကျပ်

**ရန်ကုန်-မန္တလေး လမ်းပိုင်း**

အမှတ်(၅)အဆန် အမြန်ရထား ရိုးရိုးတန်းလက်မှတ်ခနှုန်းထားများ
ရန်ကုန်မှ မန္တလေးသို့ လူကြီးတစ်ဦး (၄၆၅၀)ကျပ်
〃 ကလေးတစ်ဦး (၂၃၅၀)ကျပ်

**ရန်ကုန်-မန္တလေး လမ်းပိုင်း**

အမှတ်(၁၁)အဆန် အမြန်ရထား ရိုးရိုးတန်းလက်မှတ်ခနှုန်းထားများ
ရန်ကုန်မှ မန္တလေးသို့ လူကြီးတစ်ဦး (၄၆၅၀)ကျပ်
〃 ကလေးတစ်ဦး (၂၃၅၀)ကျပ်

**ရန်ကုန်-နေပြည်တော် လမ်းပိုင်း**

အမှတ်(၇)အဆန် အမြန်ရထား ရိုးရိုးတန်းလက်မှတ်ခနှုန်းထားများ
ရန်ကုန်မှ နေပြည်တော်သို့ လူကြီးတစ်ဦး (၂၈၀၀)ကျပ်
〃 ကလေးတစ်ဦး (၁၄၀၀)ကျပ်

**ရန်ကုန်-နေပြည်တော် လမ်းပိုင်း**

အမှတ်(၃၁)အဆန် အမြန်ရထား ရိုးရိုးတန်းလက်မှတ်ခနှုန်းထားများ
ရန်ကုန်မှ နေပြည်တော်သို့ လူကြီးတစ်ဦး (၂၈၀၀)ကျပ်
〃 ကလေးတစ်ဦး (၁၄၀၀)ကျပ်

**ရန်ကုန်-မော်လမြိုင် လမ်းပိုင်း**

အမှတ်(၃၅)အဆန် အထူးအမြန်ရထား ရိုးရိုးတန်းလက်မှတ်ခနှုန်းထားများ
ရန်ကုန်မှ မော်လမြိုင်သို့ လူကြီးတစ်ဦး (၂၈၀၀)ကျပ်
〃 ကလေးတစ်ဦး (၁၄၀၀)ကျပ်

**ရန်ကုန်-သာစည်-မန္တလေး လမ်းပိုင်း**

အမှတ်(၁) အဆန်၊ (၂)အစုန် စာပို့ရထား လက်မှတ်ခနှုန်းထားများ
ရန်ကုန်မှ ဇလောသို့ (၄၆၀၀) ကျပ်
ရန်ကုန်မှ မန္တလေးသို့ (၈၁၀၀) ကျပ်
ရန်ကုန်မှ မြင်းခြံသို့ (၇၉၅၀) ကျပ်
} အထက်တန်း (ထိုင်ခုံ)

**ရန်ကုန်-ပျဉ်းမနား-ရွှေညောင်လမ်းပိုင်း**

အမှတ်(၉) အဆန်၊ (၁၀)အစုန် စာပို့ရထားလက်မှတ်ခနှုန်းထားများ
ရန်ကုန်မှ ကျောက်တန်းသို့ (၇၅၀) ကျပ်
ရန်ကုန်မှ ပျဉ်းမနားသို့ (၄၇၅၀) ကျပ်
ရန်ကုန်မှ ရွှေညောင်သို့ (၉၀၅၀) ကျပ်
} အထက်တန်း (ထိုင်ခုံ)

**ရန်ကုန်-ပုဂံ လမ်းပိုင်း**

အမှတ်(၆၁) အဆန်၊ အမှတ်(၆၂) အစုန် အမြန်ရထားလက်မှတ်ခ နှုန်းထားများ
ရန်ကုန်မှ ပုဂံသို့ ဒုတိယတန်း၊ အထက်တန်း (ထိုင်ခုံ)၊ အထက်တန်း(အိပ်စင်အထူး)
(၄၅၀၀) ကျပ် (၁၈၀၀၀) ကျပ် (၂၂၅၀၀) ကျပ်

**ရန်ကုန်-မော်လမြိုင်လမ်းပိုင်း**

အမှတ်(၃၅)အဆန်၊ (၃၆)အစုန် အမြန်ရထားလက်မှတ်ခနှုန်းထားများ
ရန်ကုန်မှ မော်လမြိုင်သို့ (၅၅၀၀)ကျပ် အထက်တန်း(ထိုင်ခုံ)

**ရန်ကုန်-ပြည်လမ်းပိုင်း**

အမှတ်(၇၁) အဆန်၊ (၇၂) အစုန် အမြန်ရထားလက်မှတ်ခနှုန်းထားများ
ရန်ကုန်မှ ပြည်သို့ ပထမတန်း၊ အထက်တန်း(ထိုင်ခုံ)
(၂၄၅၀) ကျပ် (၃၉၀၀) ကျပ်

**ရန်ကုန်-မော်လမြိုင်-ထားဝယ်လမ်းပိုင်း**

အမှတ်(၈၉/၉၀/၁၇၅/၁၇၆) အဆန်/အစုန်အမြန်ရထားလက်မှတ်ခနှုန်းထားများ
ရန်ကုန်မှ မော်လမြိုင်သို့ (၆၄၅၀) ကျပ်
ရန်ကုန်မှ မော်လမြိုင်-ထားဝယ်ဆိပ်ကမ်း (၁၀၃၀၀) ကျပ်

**ရန်ကုန်-နေပြည်တော်-မန္တလေးလမ်းပိုင်း**

အမှတ်(၃/၄/၅/၆/၁၁/၁၂/၇/၈/၃၁/၃၂) အဆန်/အစုန်အမြန်ရထား လက်မှတ်ခနှုန်းထားများ

| | ပထမတန်း၊ | အထက်တန်း (ထိုင်ခုံ)၊ | အထက်တန်း (အိပ်စင်) |
|---|---|---|---|
| ရန်ကုန်မှ နေပြည်တော်သို့ | (၃၅၀၀) ကျပ် | (၅၆၀၀) ကျပ် | (၇၇၀၀) ကျပ် |
| ရန်ကုန်မှ မန္တလေးသို့ | (၅၈၀၀) ကျပ် | (၉၃၀၀) ကျပ် | (၁၂၇၅၀) ကျပ် |

**ရန်ကုန်-နေပြည်တော်-မန္တလေးလမ်းပိုင်း**

အမှတ်(၂၉/၃၀) အဆန်/အစုန် အထူးအမြန်ရထား လက်မှတ်ခ နှုန်းထားများ

| | ရိုးရိုးတန်း၊ | အထက်တန်း၊ (ထိုင်ခုံ) | အထက်တန်း၊ (အိပ်စင်) | အထက်တန်း (အိပ်စင်-အထူး) |
|---|---|---|---|---|
| ရန်ကုန်မှ နေပြည်တော်သို့ | (၃၇၀၀)ကျပ် | (၇၃၀၀)ကျပ် | (၉၁၀၀)ကျပ် | (၁၄၆၀၀)ကျပ် |
| ရန်ကုန်မှ မန္တလေးသို့ | (၆၀၀၀)ကျပ် | (၁၂၀၀၀)ကျပ် | (၁၅၀၀၀)ကျပ် | (၂၄၀၀၀)ကျပ် |

ရန်ကုန်မြို့ပတ်/ဆင်ခြေဖုံးလော်ကယ်ရထားများ၏ လက်မှတ်ခနှုန်းထားမှာ လူတစ်ဦးလျှင် ၁၀၀ ကျပ် ကျသင့်ပြီး တစ်ရက်အတွင်း ခရီးစဉ်နှစ်ခုကို အသုံးပြုနိုင်မည်ဖြစ်သည်။

မြို့ပတ်ရထား လသုံးလက်မှတ်နှုန်းထားများမှာ ခရီးသည်/ဝန်ထမ်းတစ်ဦး- (၁၇၀၀)ကျပ်နှင့် ကျောင်းသား၊ ကျောင်းသူတစ်ဦးလျှင် (၁၁၅၀) ကျပ် ကျသင့်မည်ဖြစ်သည်။

ဖော်ပြပါ ပြောင်းလဲသတ်မှတ်လိုက်သော ခရီးစဉ်အသေးစိတ်နှင့် လက်မှတ်နှုန်းထား အသေးစိတ်များကို နိုဝင်ဘာ ၇ ရက်မှစတင်၍ ရထားဘူတာများ၌ ကြေညာပေးထားပြီး အဆိုပါ ရထားခနှုန်းထားသစ်များကို နိုဝင်ဘာ ၁၅ ရက်မှ စတင်ကာ ပြင်ဆင်သတ်မှတ်မည်ဖြစ်ကြောင်း သိရှိရသည်။

## တစ်ချက်တည်းကျင်းဝင်

**ကြံခင်း နိုဝင်ဘာ ၁၂**

ကြံခင်းမြို့ အမှတ်(၂)ဘီလပ်မြေစက်ရုံ ဂေါက်ကွင်း၌ အောက်တိုဘာ ၂၂ ရက်က ဦးဇော်မင်း (လ/ထစက်ရုံမှူး-ကုန်ထုတ်)သည် ကစားဖော်များဖြစ်ကြသော ဦးနေလင်း၊ ဦးသန်းနိုင်ဦး၊ ဦးကျော်ရည်ဝင်း၊ ဦးအောင်မျိုးဝင်းတို့နှင့်အတူ ဂေါက်သီးရိုက်ကစားကြစဉ် ကိုက် ၁၂၀ အကွာအဝေးရှိ ကျင်းအမှတ်(၅)သို့ Echolom အမျိုးအစား သံတုတ်နံပါတ်(၉)ဖြင့် SRIXON 2 အမျိုးအစား ဂေါက်သီးအား ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (၆၄၈)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၃-၁၁-၂၀၁၁ (တနင်္ဂနွေနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ကိုယ့်စိတ်ကိုယ်သာစိစစ်ပါ" တရားတော် (ဆရာတော် ဓမ္မရေအရှင်ကုမာရ)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၂၄)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၁၉)**
- ၈း၃၅ ဆေးပေါင်းခတဲ့ Rock Concert (Part-2)
- ၉း၁၅ Sunday Talk (ဆရာချစ်ဝင်းမောင်၊ မျိုးမြတ်သူ)
- ၉း၅၀ aroma ၏ထူးခြားဆန်းပြားသော Wedding Dress များ
- ၁၀း၁၅ SAKURA DENTAL CLINIC
- ၁၀း၃၅ ဗီဒီယိုပြခန်း
- ၁၀း၅၅ ချင်းတွင်းမှသည် ပန်းတိုင်ဆီသို့
- ၁၁း၂၀ Omega-3 fatty acids
- ၁၁း၄၅ ရန်ကုန်မြင်ကွင်းကျယ်
- ၁၁း၅၀ သရုပ်ဆောင်သစ်စည်ဖြိုးရဲ့ စနေချစ်သူကို ကြိုတင်ခံစားခြင်း
- ၁၂း၁၀ ကမ္ဘာ့ဖက်ရှင်ကြယ်ပွင့်လေးများဆီသို့ (Study Abroad Information Centre)
- ၁၂း၃၅ ပြည့်စုံသော ဘဝဆီသို့ Sweety Home နှင့်ထပ်တူ
- ၁း၀၀ "ကိုယ့်စိတ်ကိုယ်သာစိစစ်ပါ" တရားတော် (ဆရာတော် ဓမ္မရေအရှင်ကုမာရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း
- ၃း၂၀ Kid's Show
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၁၉)**
- ၄း၄၅ အောင်စေတီဆရာတော်ကြီး၏ ထိုင်းနိုင်ငံ ကန်ချနပူရီသို့ သာသနာပြုခရီးစဉ်
- ၅း၂၀ ဆွေးနွေးတိုင်ပင်. . . နှစ်နိုင်ငံစီးပွားရေးအမြင် မြန်မာ-မလေးရှားစီးပွားရေးဆိုင်ရာ အကြံပြုဆွေးနွေးပွဲနှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနား
- ၅း၃၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၂၅)**
- ၇း၂၀ ဆေးပေါင်းခတဲ့ Rock Concert (Part-3)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ သွားမယ်စားမယ်
- ၉း၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
- ၉း၂၀ ပရိမီယာလိဂ်ရင်ခုန်သံ
- ၉း၄၀ FA Cup (Morecambe Vs Sheffield Wednesday)
- ၁၁း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂၀)**
- ၁၂း၂၀ လှပချစ်စရာလက်မှုအနုပညာ
- ၁၂း၄၅ ဆည်မြောင်းရဲ့အားမာန်. . . ပြိုင်းချောင်းရေလှောင်တမံ
- ၁၂း၅၅ ပုဂံအိမ်ထဲက ထည်ဝါမှုပြယုဂ်
- ၁း၁၀ Celebrity Profile (Jet Li)
- ၁း၃၅ ရွှေတိုင်းမြို့မှ ဂုဏ်တင့်စေရာကြိမ်လက်မှုအနုပညာ
- ၁း၅၀ ဗဟုသုတများစုဆောင်းရာ Knowledge Bank
- ၂း၀၅ Beautiful and Dawntless Females
- ၂း၅၀ မုံရွာမြို့ရဲ့ အထင်ကရနေရာ(၉)ခု
- ၃း၀၅ Shooting Location
- ၃း၃၀ ရေဆန်စီးတဲ့မြစ်
- ၄း၀၀ တိရစ္ဆာန်လေးတွေမွေးကြမယ်
- ၄း၁၅ ဒို့တိုင်းဌာနီဧရာဝတီ
- ၄း၃၅ တောင်ပေါ်ကမ္ဘာမှ အပန်းဖြေနားခိုရာများ
- ၄း၅၀ ထူးခြားသော ဘူမိအနေအထားနှင့် ဖူးမဝသော ကျိုက်ထီးရိုးစေတီ
- ၅း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**ပြည်ထောင်စုဖွားသွေးချင်းများ တားဆီးကာကွယ်မီးရန်စွယ်**

# ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ ပြည့်မှာ ဝိုင်းဝန်းဆောင်ရွက်ပါ

**ဒေါက်တာသီဂီမြင့် (ဒုညွှန်မှူး၊ မိခင်ကလေး)**

## လူဦးရေတိုးတက်မှုနှင့် ကမ္ဘာ့အခြေအနေ

၂၀၁၁ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့ကို ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ ပြည့်သည့်နေ့အဖြစ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ သတ်မှတ်ခဲ့ပါသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ မိခင်များသည် ၁၉၆၀ ခုနှစ်များကထက် ကလေးရရှိမှု နည်းပါးလာသော်လည်း ကမ္ဘာ့လူဦးရေတိုးတက်မှုမှာ ပုံမှန်ရှိနေဆဲဖြစ်သကဲ့သို့ ကမ္ဘာတစ်ဝန်းလုံးတွင် လူငယ်လူရွယ်များနှင့် သက်ကြီးရွယ်အိုများမှာ ယခင်ကထက် များပြားလာလျက်ရှိပါသည်။ ချမ်းသာသောနိုင်ငံများတွင် မွေးဖွားနှုန်းနိမ့်ကျလာပြီး သက်ကြီးရွယ်အိုစောင့်ရှောက်မှုပြဿနာများ ကြုံတွေ့လာရသကဲ့သို့ နွမ်းပါးသောနိုင်ငံများတွင်လည်း တိုးတက်လာသော လူဦးရေအတွက် လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် လုံးပန်းနေကြရပါသည်။ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံအချို့တွင် မွေးဖွားနှုန်းမြင့်မားခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပြီး ဆင်းရဲနွမ်းပါးမှုကို ဆက်လက်ဖြစ်ပေါ်စေပါသည်။ အလားတူပင် ချမ်းသာသောနိုင်ငံအချို့တွင် မွေးဖွားနှုန်းကျဆင်းလာခြင်းနှင့် လုပ်ငန်းခွင်ဝင်ရောက်သူဦးရေ နည်းပါးလာခြင်းတို့သည်လည်း တိုင်းပြည်၏စီးပွားတိုးတက်မှု ရေရှည်တည်တံ့ရေးနှင့် လူမှုဘဝဖူလုံရေးအတွက် စိုးရိမ်ကြောင့်ကြဖွယ်ရာ ဖြစ်လာပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အလုပ်သမားရှားပါးလာမှုသည် စဉ်းစားစရာဖြစ်နေသော်လည်း အရပ်ဒေသပေါင်းစုံမှ အလုပ်လက်မဲ့များစွာတို့သည် ရွှေ့ပြောင်းလုပ်သားများအဖြစ် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ နယ်စပ်ဒေသများမှ တစ်ဆင့် ပို၍ဝင်ရောက်ကာ အလုပ်အကိုင်ရှာဖွေနေကြပါသည်။ ထိုနိုင်ငံများတွင် ဆင်းရဲနွမ်းပါးမှုလျော့နည်းရေးအတွက် ဆောင်ရွက်ရာ၌ တိုးတက်မှုများ ရှိလာသော်လည်း ချမ်းသာသူနှင့် ဆင်းရဲသူများအကြား ကွာဟချက်မှာ နေရာတိုင်းတွင် ပိုမိုကြီးထွားလာနေပါသည်။

၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေ အစီရင်ခံစာတွင် တစ်ဦးချင်းအမြင်များ၊ ရှုပ်ထွေးမှုများနှင့် ဖြေရှင်းရမည့်ပြဿနာများကို ဖော်ပြထားပြီး ပိုမိုကောင်းမွန်သောဘဝကို လူသားတိုင်း၊ မိသားစုတိုင်း၊ လူ့အဖွဲ့အစည်းတိုင်းနှင့် နိုင်ငံတိုင်းတွင် တည်ဆောက်ရန် ကြိုးပမ်းနိုင်ရေးတို့ကို ဖော်ပြထားပါသည်။

တစ်ဦးချင်း၏ အတွေ့အကြုံများအပေါ် အခြေခံပြီး လူဦးရေသန်းပေါင်း ၇၀၀၀ ရှိသည့် ကမ္ဘာမြေကြီးပေါ်တွင် လက်တွေ့ရင်ဆိုင်ရမည့် စိန်ခေါ်မှုများကို အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားပါသည်။ တရုတ်၊ အီဂျစ်၊ အီသီယိုပီးယား၊ ဖင်လန်၊ အိန္ဒိယ၊ မက္ကဆီကို၊ မိုဇမ်ဘစ်၊ နိုင်ဂျီးရီးယားနှင့် မက်ဆီဒိုးနီးယားနိုင်ငံ (၉)နိုင်ငံတွင် စစ်တမ်းကောက်ယူခဲ့ရာမှ ထွက်ပေါ်လာသည့် အဆိုပါစာတမ်းတွင် သာမန်လူမှုဘဝနေထိုင်မှုနှင့် အလုပ်အကိုင်များအကြောင်းကို တိုက်ရိုက်တွေ့ဆုံမေးမြန်းပြီး သုတေသနလုပ်ခဲ့မှုကို ဖော်ပြထားသည်။

အထက်ဖော်ပြပါ (၉)နိုင်ငံမှ လူသားတို့၏ အတွေ့အကြုံများ၊ ယုံကြည်ချက်များနှင့် ဦးစားပေးအခြေအနေများသည် လူဦးရေသန်းပေါင်း ၇၀၀၀ ရှိသော ကမ္ဘာမြေကြီးအတွင်း ကွဲပြားခြားနားကြပါသည်။ နိုင်ငံအသီးသီးသည် ၎င်းတို့၏ လူဦးရေတိုးတက်မှုအခြေအနေကို မြို့ပြလူဦးရေထူထပ်လာမှု၊ လူ့သက်တမ်းပိုရှည်လာမှုနှင့် အလုပ်လုပ်နိုင်သော အသက်အရွယ်ရှိ လူဦးရေများပြားလာမှုတို့အပေါ် မူတည်၍ ရေးဆွဲခဲ့ကြပါသည်။

ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အလုပ်ရှာဖွေသူ လူငယ်လူရွယ်များသည် အသက်အရွယ်ကြီးသူ မိသားစုဝင်များကို မိမိဒေသ/နိုင်ငံတွင် ထားခဲ့ပြီး ပိုမိုကောင်းမွန်သော အလုပ်အကိုင်ရှာဖွေရန် ကျေးလက်ဒေသမှ မြို့ပြ (သို့မဟုတ်) အခြားနိုင်ငံများသို့ ထွက်ခွာကြပါသည်။ နိုင်ငံအတွင်း ကျေးလက်ဒေသမှ မြို့ကြီးများသို့ လူများပြောင်းရွှေ့လာခြင်းမှာ မြို့ပြလူဦးရေ ကြီးထွားလာမှု၏ အဓိကအကြောင်းအရင်းတစ်ရပ် ဖြစ်ပါသည်။

ကမ္ဘာ့လူဦးရေ တိုးတက်မှုအခြေအနေသည် လွန်ခဲ့သောနှစ်ပေါင်း ၆၀ နှင့်မတူ ကွဲပြားလာပါသည်။ အထူးသဖြင့် ပျမ်းမျှမွေးဖွားစဉ် ခန့်မှန်းသက်တမ်းသည် ၁၉၅၀ ခုနှစ် အစောပိုင်းကာလများတွင် ၄၈ နှစ်သာရှိခဲ့ရာမှ ၂၀၀၅-၂၀၁၀ ခုနှစ်များအတွင်း ၆၈ နှစ်အထိ တိုးတက်လာခဲ့ပါသည်။ တစ်နှစ်အောက် ကလေးသေဆုံးမှုမှာ အရှင်မွေး ၁၀၀၀ လျှင် ၁၃၃ ဦး ရှိခဲ့ရာမှ ၄၆ ဦးသို့ ကျဆင်းလာပါသည်။ အမျိုးသမီးများ ကလေးမွေးဖွားမှုနှုန်းမှာမူ ပျမ်းမျှ ခြောက်ယောက်မှ ၂ ဒသမ ၅ ယောက်သို့ ကျဆင်းလာပါသည်။ အကြောင်းအရင်းများမှာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာမှု၊ အမျိုးသမီးများ ပညာတတ်မြောက်မှု၊ ဝင်ငွေရရန် အခွင့်အလမ်းများ များပြားလာမှု၊ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုခံယူလာမှုနှင့် ခေတ်မီသားဆက်ခြားနည်းလမ်းများ သုံးစွဲမှုတို့ပါဝင်သည်။

## ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ခန့်မှန်းချက်

ခရစ်နှစ် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၉၃၀၀ အထိ လည်းကောင်း၊ ၂၁ ရာစုအကုန်တွင် သန်းပေါင်း ၁၀၀၀၀ အထိ လည်းကောင်း တိုးတက်လာမည်ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ ခန့်မှန်းထားပါသည်။ အဆိုပါ လူဦးရေတိုးတက်လာမှုတွင် မွေးဖွားမှုနှုန်းမြင့်မားသော နိုင်ငံများဖြစ်သည့် အာဖရိက ၃၉ နိုင်ငံ၊ အာရှ ငါးနိုင်ငံ၊ သမုဒ္ဒရာပိုင်းဇုန် ခြောက်နိုင်ငံနှင့် လက်တင်အမေရိက လေးနိုင်ငံတို့မှ အများဆုံးပါဝင်မည်ဟုလည်း ကြိုတင်ခန့်မှန်းထားပါသည်။

၂၁ ရာစုနှစ်တွင် အာရှတိုက်သည် လူဦးရေအများဆုံး ဒေသဖြစ်နေဆဲဟု ခန့်မှန်းသော်လည်း အာဖရိကတိုက်တွင် လူဦးရေသည် သုံးဆခန့် ပိုမိုများပြားလာမည်ဟုလည်း ခန့်မှန်းထားပါသည်။ ၂၀၁၁ ခုနှစ်တွင် အာဖရိက လူဦးရေသည် သန်းပေါင်း ၁၀၀၀ မှ ၂၁၀၀ ပြည့်နှစ်တွင် သန်းပေါင်း ၃၆၀၀ အထိ တိုးတက်လာမည်ဟု ဖော်ပြထားပါသည်။ လက်ရှိတွင် ကမ္ဘာ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းသည် အာရှတွင်နေထိုင်ပြီး ၁၅ ရာခိုင်နှုန်းသည် အာဖရိကတွင် နေထိုင်ပါသည်။ အာဖရိက၏ လူဦးရေတိုးတက်မှုသည် နှစ်စဉ် ၂ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လျက်ရှိပြီး ယင်းသည် အာရှတိုက်၏ နှစ်ဆဖြစ်ပါသည်။ အာရှလူဦးရေသည် ယနေ့ခေတ်တွင် သန်းပေါင်း ၄၂၀၀ ရှိနေပြီး ၂၀၅၂ ခုနှစ်တွင် သန်းပေါင်း ၅၂၀၀ ထိ တိုးတက်လာပြီးမှ တဖြည်းဖြည်း ပြန်လည်ကျဆင်းလာမည်ဟု ခန့်မှန်းထားပါသည်။

**လူဦးရေသန်းထောင်ပေါင်းတိုးတက်သည့် ခုနှစ်များ**

| လူဦးရေ | ခုနှစ် |
|---|---|
| သန်းပေါင်း ၁၀၀၀ | ၁၈၀၄ ခုနှစ် |
| သန်းပေါင်း ၂၀၀၀ | ၁၉၂၇ ခုနှစ် |
| သန်းပေါင်း ၃၀၀၀ | ၁၉၅၉ ခုနှစ် |
| သန်းပေါင်း ၄၀၀၀ | ၁၉၇၄ ခုနှစ် |
| သန်းပေါင်း ၅၀၀၀ | ၁၉၈၇ ခုနှစ် |
| သန်းပေါင်း ၆၀၀၀ | ၁၉၉၉ ခုနှစ် |
| သန်းပေါင်း ၇၀၀၀ | ၂၀၁၁ ခုနှစ် |

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူဦးရေတိုးတက်လာမှုသည် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးလာခြင်းနှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီခြင်းတို့ကို ရင်ဆိုင်ကြရပါသည်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်များတွင် ထောက်ပံ့မှုနှင့်ဝန်ဆောင်မှုများ၊ အမျိုးသမီး၊ အမျိုးသားနှင့် လူငယ်လူရွယ်များအတွက် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များပေးခြင်း စသည်တို့ကို ထည့်သွင်းစဉ်းစားရပါမည်။

## မြန်မာနိုင်ငံ၏ လူဦးရေသန်း ၇၀၀၀ ပြည့်အခမ်းအနား

မြန်မာနိုင်ငံတွင် ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ ပြည့်အခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အခွင့်အရေးများ ပိုမိုသိရှိစေရန် ရည်ရွယ်လျက် နေပြည်တော် ခုတင် (၁၀၀၀) ပြည့်သူ့ဆေးရုံကြီး၌ အောက်တိုဘာ ၃၁ ရက်တွင် ကျင်းပခဲ့ပါသည်။ အဆိုပါနေ့တွင် လယ်ဝေးမြို့နေ ကိုအောင်ပြည့်ဟိန်း၊ မသီတာထွေးတို့မှ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) မေတ္တာစမ်းရေသားဖွားခန်း၌ နံနက် ၂ နာရီခွဲတွင် မွေးဖွားသော ကိုယ်အလေးချိန် ၃ ဒသမ ၁ ကီလိုဂရမ်ရှိ သားယောကျ်ားလေးအား သဘာဝအတိုင်း ပထမဦးဆုံးမွေးဖွားသော ကလေးအဖြစ် ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပခဲ့ပြီး မွေးဖွားပေးသော ကျန်းမာရေးဝန်ထမ်းများကိုလည်း ဆုချီးမြှင့်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel-Ahad တို့က မိန့်ခွန်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံကိုယ်စားပြု သန်း (၇၀၀၀)မြောက်ဖြစ်မည်ဟု ခန့်မှန်းရသောကလေးငယ်အား ကြိုဆိုသည့်သီချင်းကို မူလတန်းကျောင်းသူလေးများကသီဆိုပြီး လက်ဆောင်များပေးခဲ့ပါသည်။ ဆက်လက်၍ A World at 7 billion ဗီဒီယိုမှတ်တမ်းကို ပြသခဲ့ပါသည်။

ကျွန်ုပ်တို့အားလုံးသည် အနာဂတ်လူ့အဖွဲ့အစည်း တည်ဆောက်ရာတွင် တာဝန်ရှိသူများဖြစ်သည်နှင့်အညီ အချင်းချင်းပိုမိုပူးပေါင်း၍ ကမ္ဘာမြေကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၃-၁၁-၂၀၁၁ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၂၀ ၈။ အဆိုပြိုင်ပွဲ
- ၈း၃၀ ၉။ "သစ်ပင်သစ်တောများ"
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ဂျောင်ဂွန်း" (အပိုင်း-၂၃)**
- ၁၂း၃၀ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "ရင်ဝှက်စကား ချစ်သူကြားစေ" (ဟိန်းဝေယံ၊ ပြေဇင်၊ သက်မွန်မြင့်) (ဒါရိုက်တာ-ကျော်ဇောလင်း)**
- ၂း၂၀ ၆။ "ထုတ်ကုန်များအရည်အသွေးမီ အမှတ်(၂) စက္ကူစက်ရုံရေနီ"
- ၂း၃၅ ၇။ အတီးပြိုင်ပွဲ
- ၂း၅၀ ၈။ International News
- ၃း၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၂၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သမိုင်း၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ စိတ်ပညာ၊ ဒဿနိကဗေဒ အထူးပြုများ) (သမိုင်း)
- ၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၄၅ ၆။ "မျက်ရည်စက်များကင်းစေချင်"
- ၅း၁၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၀။ **ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၁၈)**
- ၆း၄၀ ၁၁။ တစ်မျက်နှာ တစ်ကွက်စာ "တောင်းပန်ပြီး ထမင်းကျွေးရသည်" (ကျော်မြင့်၊ ရဲမာန်၊ ဂွမ်းပုံကြီး၊ ချိုသက်နွယ်) [ဒါရိုက်တာ-တင်မောင်အေး(တစ်ပါးသီလ)]
- ၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရေးငယ်တဲ့ ရွှေဖူးစာ" (အပိုင်း-၃၂)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၆၅)**
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိလေသော ရုပ်သံလွှင့်မှူး" (အပိုင်း-၂၅)**
- ၁၈။ အစီအစဉ်ပြီး၏။

## မဲဇလီကုန်း အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် မဲဇလီကုန်း အခြေခံပညာ အထက်တန်းကျောင်း၏ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် မဲဇလီကုန်းမြို့နယ်ရှိ ဒေါ်ချိုချိုခိုင် ဖုန်း-၀၉-၈၅၈၇၅၈၁၊ ဦးလှရွှေ ဖုန်း-၀၉-၈၅၈၇၆၄၉၊ ဒေါ်အုန်းမြင့် (ကျောင်းအုပ်ကြီး) ဖုန်း-၀၄၄-၆၀၀၆၁၊ ဦးအောင်စိုး ဖုန်း-၀၉-၈၅၈၇၇၂၀၊ ဒေါက်တာအောင်မြင့်စိုး ဖုန်း-၀၉-၈၅၈၇၆၀၂၊ ရန်ကုန်မြို့ရှိ ဦးကျော်လင်း ဖုန်း-၀၉-၅၀၁၀၁၃၃၊ ဦးအောင်ကြည် ဖုန်း-၀၉-၈၆၂၄၇၆၅၊ ဦးခင်မောင်ဦး ဖုန်း-၀၉-၇၃၁၇၆၅၄၇၊ ဦးလှမြင့် ဖုန်း-၀၉-၄၃၁၅၁၈၀၆ နှင့် ဦးသန်းစိုး ဖုန်း-၀၉-၅၁၂၀၇၆၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း သုတေသနစာတမ်းများ ဖိတ်ခေါ်

**ရန်ကုန် နိုဝင်ဘာ ၁၂**

၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပမည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သုတေသနနှင့် အင်ဂျင်နီယာ ဘာသာရပ်ပေါင်းစုံ စာတမ်းဖတ်ပွဲများကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၌ စည်ကားစွာ ကျင်းပသွားမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် မိမိတို့ဖတ်ကြားလိုသော သုတေသနစာတမ်းများ စာတမ်းအကျဉ်းချုပ် (Abstract) ကို နိုဝင်ဘာ ၁၈ ရက် နောက်ဆုံးထား၍လည်းကောင်း၊ စာတမ်းအပြည့်အစုံ Full Paper ကို ဒီဇင်ဘာ ၇ ရက် နောက်ဆုံးထား၍ လည်းကောင်း၊ စာတမ်းဖတ်ပွဲ ကျင်းပရေးကော်မတီ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း တက္ကသိုလ်များ (လှိုင်နယ်မြေ) လှိုင်မြို့နယ် ရန်ကုန်သို့ လိပ်မူပြီး ပေးပို့ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ရုံးအဖွဲ့မှူး ဖုန်း-၅၁၉၈၅၄၊ ၅၁၉ ၆၇၆ လိုင်းခွဲ-၂၀၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



**အလက(၆)လှိုင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိန်ဝင်းနှင့် ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ဘိုးဘွားများနေ့ အထိမ်းအမှတ် အလံကလေးများ အလှူငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

## ထူးကြီးမြို့ မဟာသိဝစေတီ ရာပြည့်ပွဲတော် ကျင်းပမည်

**အင်္ဂပူ နိုဝင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ထူးကြီးမြို့ ကျက်သရေဆောင် ဖြစ်တော်မူသော မဟာသိဝစေတီတော်မြတ်ကြီး၏ နှစ် ၁၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကို ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၁၂ ခု ဇန်နဝါရီ ၈ ရက်ထိ မြို့ရွှေမန်းသားလေး ဖိုးချစ်ဇာတ်ပွဲ၊ ဦးမောင်မောင် ဆပ်ကပ်အဖွဲ့၊ ဈေးရောင်းပွဲတော်များ၊ အခြား ကြည့်ချင်ဖွယ်ရာတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(ကြေးမုံ)

စာအုပ်စာပေ လူ့မိတ်ဆွေ

## ယခုနှစ်ဘဏ္ဍာရေးနှစ် ရန်ကုန်မြို့ ရေပေးဝေရေးလုပ်ငန်းများအတွက် ကျပ်သိန်းပေါင်း ၉၃၀၀၀ သုံးစွဲရန်လျာထား

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်မြို့၏ ရေပေးဝေရေးနှင့်ဆက်စပ်သော လုပ်ငန်းများအတွက် ယခုနှစ်ဘဏ္ဍာရေးနှစ်တွင် ကျပ်သိန်းပေါင်း ၉၃၀၀၀ သုံးစွဲရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ သတင်းရရှိသည်။

လူဦးရေ ထူထပ်များပြားလာခြင်း၊ မြို့ကွက်ဧရိယာ ကျယ်ပြန့်လာခြင်းနှင့် ထပ်မံချဲ့ထွင်ဆောင်ရွက်သွားမည့် မြို့ပြစီမံကိန်းများကြောင့် ရန်ကုန်မြို့နေ ပြည်သူများ ရေလုံလောက်စွာ ရရှိသုံးစွဲနိုင်ရေးအတွက် ရေတိုရေရှည်စီမံကိန်းများဖြင့် ရေပေးဝေရေးစီမံကိန်းများ၊ ရေတွန်းစက်များ၊ ပိုက်လိုင်းသွယ်တန်းခြင်းများ၊ အဝီစိတွင်း တူးဖော်ခြင်းများအပါအဝင် ရေပေးဝေရေးနှင့်ဆက်စပ်သော လုပ်ငန်းများဆောင်ရွက်ရန်အတွက် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ နှစ်အလိုက်ပြီးစီးရန် လျာထားချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့၏ အဓိက ရေပေးဝေသည့်စနစ်သည် ရေလှောင်ကန်ကြီးများမှ မိုးတွင်းကာလတွင် မိုးရေကို စုဆောင်းထားရှိပြီး တစ်နှစ်ပတ်လုံး ပြန်လည်ဖြန့်ဝေပေးသည့် စနစ်ဖြစ်သောကြောင့် လုံလောက်သော ကန်ရေချိန်အမြင့် ရရှိရန်လိုအပ်ပြီး ကမ္ဘာကြီးပူနွေးလာမှု၊ သစ်ပင်သစ်တောပြုန်းတီးမှုတို့ကြောင့် ရေအရင်းအမြစ်ကြီးများတွင် ရေလျော့နည်းကျဆင်းမှုများ ဖြစ်ပေါ်လေ့ရှိရာ ရန်ကုန်မြို့နေ ပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ရေတိုရေရှည်စီမံကိန်းများဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု သိရသည်။ ယခင်နှစ်က လှော်ကားကန် ရေရရှိမှုပမာဏ စံချိန်တင်လျော့ကျခဲ့သည့်ဖြစ်စဉ်ကြောင့် ၂၀၁၁ ခုနှစ် နွေရာသီကာလ ရေရှားပါးမှုနှင့် မကြုံတွေ့ရစေရန် အောင်တံခွန် ရေပေးဝေရေးစီမံကိန်းအသစ်တစ်ခုကို မင်္ဂလာဒုံမြို့နယ်တွင် အကောင်အထည်ဖော်ခဲ့သည်ဟု သိရသည်။ ထို့ကြောင့် ပြီးခဲ့သည့်နွေရာသီတွင် ယခင်နှစ်များကဲ့သို့ ရေရရှိမှုအခက်အခဲ ကြုံတွေ့ခဲ့ရခြင်းမရှိခဲ့ကြောင်း သိရသည်။ ဆက်လက်ပြီး လာမည့်နှစ်များအတွင်း ရန်ကုန်မြို့နေပြည်သူများ ရေလုံလောက်စွာရရှိရေး၊ လူတစ်ဦးလျှင် တစ်နေ့ ရေဂါလံ ၃၀ ကျော် ရရှိသုံးစွဲနိုင်ရေးအတွက် စီမံကိန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။

ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်က စက်ရေတွင်းများ တူးဖော်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ တွင်းဆေးတွင်းမှုတ်ခြင်းနှင့် ရေကန်ကြီးများမှ ရေပေးဝေရာတွင် ပိုက်လိုင်းများပြုပြင်ခြင်း၊ ပိုက်လိုင်းများအသစ်ချခြင်း၊ ရေတွန်းစက်များ၊ မီးစက်ကြီးများ ပြုပြင်ခြင်းစသည့်လုပ်ငန်းများအတွက် ကျပ်သိန်းပေါင်း ၈၂၀၀၀ အသုံးပြုဆောင်ရွက်ခဲ့ပြီး လာမည့်နှစ်များတွင်လည်း ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

(၀၀၁)



ချင်းရိုးရာအထည်များကို ခရီးသွားများက အမြတ်တနိုးအမှတ်တရ ဝယ်ယူနေကြစဉ်။

## ဈေးကွက်ဝင်အရောင်းသွက်နေသည့် ချင်းရိုးရာအထည်များ

ချင်းတိုင်းရင်းသားတို့၏ မိသားစုတစ်ပိုင်တစ်နိုင် အိမ်တွင်းလက်မှုလုပ်ငန်းဖြစ်သည့် ဂျပ်ခုတ်ရက်ကန်းလုပ်ငန်းသည် ယခုအခါ ဈေးကွက်စီးပွားရေးစနစ်ဖြစ်ထွန်းလာမှုများကြောင့် ချင်းရိုးရာအဝတ်အစားဂျပ်ခုတ်ထည်များမှာ ဈေးကွက်ရရှိကာ အရောင်းအဝယ်ကောင်းလျက်ရှိသည်။

ချင်းတိုင်းရင်းသားတို့ ရက်လုပ်သော အဆင်ပုံစံများမှာ အကွက်၊ အပြောက်နှင့် ပန်းများပင်ဖြစ်သည်။ ပန်းများမှာ သေသပ်ချောမွတ်ပြီး စက်ဖြင့် ရက်လုပ်သည်ထက်ပင် လှပဆန်းကြယ်လှသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ချင်းရိုးရာအဝတ်အစားရောင်းချသည့် ဆိုင်များ၌ ဝယ်ယူအားပေးသူများဖြင့် အရောင်းသွက်လျက်ရှိပြီး ဈေးကွက်ကျယ်ပြန့်လာနေသည်။ ရိုးရာပုံစံနှင့် ခေတ်၏ပုံစံများကိုလိုက်၍ အဆင်ဒီဇိုင်းပုံစံအသစ်များဖြင့် ထုတ်ကုန်ပစ္စည်းအမယ်သစ်များကိုလည်း ဈေးကွက်၏ တောင်းဆိုမှုအရ ထုတ်လုပ်ပေးလျက်ရှိသည်။

ကလေးမြို့ရှိ ချင်းရိုးရာအဝတ်အစားများရောင်းချသူ တစ်ဦးက "ချင်းရိုးရာဝတ်စုံတွေက အရောင်းသွက်နေပါတယ်။ ရိုးရာအထည်တွေက ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မင်းတပ်၊ မတူပီဘက်က လာပါတယ်။ ပွင့်လင်းရာသီဆိုရင် ပြည်ပခရီးသွားတွေနဲ့ ပြည်တွင်းခရီးသွားတွေအဝယ်များကြပါတယ်။ အဆင်တွေကတော့ ရိုးရာအဆင်တွေနဲ့ ခေတ်ပေါ်အဆင်တွေ အကုန်လုံးရောင်းရပါတယ်။ ဈေးနှုန်းကတော့ ဈေးအကောင်းဆုံး မဝတ်လုံချည်ဆိုရင် ငါးသောင်းလောက်ရှိတယ်။ အခုချင်းရိုးရာအထည်တွေက လူကြိုက်များလာတော့ ဈေးကွက်လည်း ရှိလာပါတယ်" ဟု ရှင်းပြသည်။

ချင်းတိုင်းရင်းသားတို့သည် ရိုးရာအဆင်များကို ရက်လုပ်ရန်အတွက် အရောင်အသွေးစပ်၍ အဆင်အကွက်ဖော်ရာတွင် ဂုဏ်ပြုခံထိုက်သူတို့ ဝတ်ဆင်သည့် ဝတ်ရုံများ၊ စောင်များအတွက် အဆင်ပုံစံတစ်မျိုးနှင့် သာမန်အမျိုးအနွယ်တို့၏အကြိုက် အလှအပကိုသရုပ်ဖော်သည့် အဆင်ပုံစံတစ်မျိုးဟူ၍ ခွဲခြားရက်လုပ်လေ့ရှိကြောင်း သိရသည်။ **သတင်းမှတ်စု - သာညဏ်(သတင်းစဉ်)**

## တောင်ကြီးတန်ဆောင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ်၏ အဓိကပွဲတော်များအနက် အစည်ကားဆုံးနှင့် ရိုးရာလက်မှုပညာရပ်ဖြစ်သည့် မီးပုံးပျံပွဲတော်ကြီးသည် နိုဝင်ဘာ ၃ ရက်မှ ၁၁ ရက်အထိ မြို့ခံ/နယ်ခံအနယ်နယ်အရပ်ရပ်မှ ဘုရားပွဲတော်လာပရိသတ်များ၊ နိုင်ငံခြားသားဧည့်သည်များနှင့် အစဉ်အလာမပျက် ပွဲတော်လာပရိသတ်များဖြင့် တိုးမပေါက်အောင် စည်ကားသိုက်မြိုက်သည်ကို တွေ့ရသည်။

မီးပုံးပျံနှင့် တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း မီးပုံးပျံပြိုင်ပွဲ(နေ့/ည)၊ မြို့လုံးကျွတ် မဟာဘုံကထိန်လှည့်လည်ပူဇော်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ၊ မီးပဒေသာလှည့်လည်ပြိုင်ပွဲ၊ ရိုးရာအားကစားပြိုင်ပွဲများနှင့် ကြည့်ချင်ပွဲများ၊ ဈေးပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲတော်များတွင် နာမည်ကြီး အဆိုတော်၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် အစီအစဉ်တင်ဆက်သူများကြောင့်လည်း ပွဲတော်လာ ပရိသတ်များ ပိုမိုအကြိုက်တွေ့ကြသည်။

ပွဲတော်ကာလအတွင်း ပြုလုပ်ခဲ့သည့် ပြိုင်ပွဲများတွင် ဆုရရှိသည့်အသင်းများမှာ စိန်နားပန်လွှတ်တင်ပြိုင်ပွဲ၌ တောင်ကြီးတက္ကသိုလ်မီးက ပထမဆုငွေ ၁၅ သိန်း၊ ရွှေမနုမီးက ဒုတိယဆုငွေ ၁၂ သိန်း၊ ချယ်ရီ FM မီးက တတိယ ဆုငွေ ၁၀ သိန်း၊ မီးပဒေသာ လှည့်လည်ပြိုင်ပွဲ၌ ချမ်းမြ၊ မြို့မ၊ ကန်အောက်ရပ်ကွက်အသင်း က ပထမ ဆုငွေ ၁၈ သိန်း၊ ရွှေတောင်၊ ဈေးပိုင်း၊ ကန်ရှေ့၊ လမ်းမတော်အသင်းက ဒုတိယ ဆုငွေ ၁၅ သိန်း၊ ကံကြီး၊ ကျောင်းကြီးဆု၊ ချမ်းသာအသင်းက တတိယဆုငွေ ၁၃ သိန်း၊ ညမီးကြီးလွှတ်တင်ပြိုင်ပွဲ၌ နဂါးမီးက ပထမ ဆုငွေ ၄၅ သိန်း၊ ပုတုမီးက ဒုတိယဆုငွေ ၃၅ သိန်း၊ Grand Royal မီးက တတိယဆုငွေ သိန်း ၃၀၊ အလွတ်တန်းခတ်ပုံပြိုင်ပွဲ မြို့လုံးကျွတ်ဘုံကထိန်၊ မသိုးသင်္ကန်းနှင့် မီးပဒေသာခေါင်းစဉ်၌ ပထမဆု ဂျူးဂျူး(နှင်းလွင်လွင်)၊ ဒုတိယ ဝင်းထွန်း(အင်ကြင်းမြိုင်)၊ တတိယထွန်းဝင်း(ခတ်ပုံ) တောင်ကြီးတက္ကသိုလ်နှင့် နှစ်သိမ့်ဆုများအား နန်းဝိုးဖတ်၊ ထွန်းလင်း၊ မိုနာအောင်ဆန်း(တောင်ကြီး)၊ ငြိမ်းဝေ(ခတ်ပုံ)၊ စိုးမိုးဝင်းတို့ကလည်းကောင်း၊ ညမီးကြီးနှင့်စိန်နားပန်၊ ကွင်းဖွင့်ပွဲရှုခင်းပြိုင်ပွဲခေါင်းစဉ်၌ ကိုစိုင်းဝန်း(ခတ်ပုံ)က ပထမ၊ ကိုတူး(မိုးဦးပန်း) မဟာမုနိဘုရားမန္တလေးက ဒုတိယ၊ ဦးတင်အေး(ခ) မောင်မောင်တင်အေး ညောင်ရွှေက တတိယနှင့် နှစ်သိမ့်ဆုများအား တင့်ဆွေဦး၊ ဂျူးဂျူး(နှင်းလွင်လွင်)၊ မျိုးမျိုးအေး(စီးဘဏ်တောင်ကြီး)၊ စိုင်းဝင်းလှိုင်ဦး(ဘုန်းခတ်ပုံ)၊ ဦးမျိုးသန့်တို့က လည်းကောင်း၊ မီးပုံးပျံနေ့လွှတ်ပြိုင်ပွဲခေါင်းစဉ်၌ ဦးကျော်ကျော်က ပထမ၊ ခတ်ပုံကြည်ပြာက ဒုတိယ၊ သိန်းဇော်က တတိယနှင့် နှစ်သိမ့်ဆုများအား နေထွန်းဝင်း၊ အောင်ဆန်း(တောင်ကြီး)၊ နန်းဝိုးဖတ်၊ မောင်ကျော်သူလွင်၊ ရန်မျိုးအောင်တို့က လည်းကောင်းရရှိခဲ့ကြသည်။

ခတ်ပုံပြိုင်ပွဲအားလုံး၌ ပြိုင်ပွဲဝင်ဦးရေ ၈၆ ဦး၊ ပြိုင်ပွဲဝင်ခတ်ပုံပေါင်း ၈၁၂ ပုံရှိသည်။ တန်ဆောင်တိုင် ပွဲတော်အတွင်း ကျင်းပသော ပြိုင်ပွဲအသီးသီးအတွက် ဆုကြေးချီးမြှင့်မှုများမှာ မသိုးသင်္ကန်းရက်ပြိုင်ပွဲအတွက် ၂၁ သိန်း၊ ခတ်ပုံပြိုင်ပွဲအတွက် သိန်း ၃၀၊ မီးပုံးပျံ(နေ့/ည) ပြိုင်ပွဲအားလုံးအတွက် ၅၅၀၅၇၀၀၀ စုစုပေါင်း ဆုကြေးတန်ဖိုးငွေကျပ် ၆၀၁၅၇၀၀၀ ရှိသည်။

**မောင်ကိုယ်ပွား(တောင်ကြီး)**

## ချင်းရိုးရာ ခွာဒို ပွဲတော် ကျင်းပ

**ကလေး နိုဝင်ဘာ ၁၂**

ချင်းတိုင်းရင်းသားတို့၏ တစ်နှစ်တာအတွင်းကျင်းပသည့် ရိုးရာပွဲတော် ၁၈ မျိုးအနက် အကြီးကျယ်ဆုံး၊ အမွန်မြတ်ဆုံးပွဲတော်ဖြစ်သည့် ချင်းရိုးရာခွာဒိုပွဲတော်ကို အောက်တိုဘာ ၁၄ ရက်ည ၇ နာရီအချိန်တွင် ကလေးမြို့ သဇင်ရပ်ကွက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ထို့နောက် ချင်းမျိုးနွယ်စုအသီးသီးတို့က မိမိတို့၏ ရိုးရာအကများဖြင့် လည်းကောင်း၊ ခေတ်ပေါ် တေးသီချင်းများဖြင့်လည်းကောင်း တပျော်တပါး ကပြဖျော်ဖြေတင်ဆက်ကြသည်။ ချင်းတိုင်းရင်းသားတို့သည် မိမိတို့၏ ကောင်းမွန်သော ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊ ထိန်းသိမ်းအပ်သော ရှေးလူကြီးများ၏ စည်းလုံးညီညွတ်မှု၊ ဖော်ရွေမှုတို့ကို ဆက်လက်ထိန်းသိမ်းနိုင်စေရန် ရည်ရွယ်လျက် ရိုးရာခွာဒိုပွဲတော်ကို အစဉ်အလာမပျက် နှစ်စဉ်ကျင်းပရခြင်းဖြစ်ကြောင်း သိရှိရသည်။ (ခရိုင်ပြန်/ဆက်)

## မြန်မာ့ရိုးရာ နန်းတွင်းရာမဇာတ်တော်ကြီး ကပြတင်ဆက်ရန် ဇာတ်တိုက်လေ့ကျင့်မည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

မြန်မာ့ရိုးရာ နန်းတွင်းရာမဇာတ်တော်ကြီးသည် မြန်မာလူမျိုးများသာမက ကမ္ဘာကပါ စိတ်ဝင်စားသော ဇာတ်တော်ကြီးတစ်ခုဖြစ်သည်။ နန်းတွင်းရာမဇာတ်တော်ကြီးကို အဏ္ဏဝါသီရိရာမ နန်းတွင်းဇာတ်တော်ကြီးအဖွဲ့နှင့် အိုးဘိုရာမ နန်းတွင်းဇာတ်တော်ကြီးအဖွဲ့တို့ ပူးပေါင်းပြီး ဇာတ်ခန်းအပြည့်အစုံ အခန်း ၂၁ ခန်းခွဲ၍ တင်ဆက်ကပြရန် စီစဉ်လျက်ရှိသည်။ ဒီဇင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ နှစ်ညတိုင်တိုင် ကပြတင်ဆက်သွားရန် စီစဉ်ထားခြင်းဖြစ်သည်။

နန်းတွင်း ရာမဇာတ်တော်ကြီးတွင် ရာမအဖြစ် မင်းသားရဲဝင်းနိုင်၊ မယ်သီတာအဖြစ် မင်းသမီး ခိုင်သဇင်သင်း၊ ဒသဂီရိအဖြစ် ဦးရွှေကြည်တို့က ဆိုင်းသီရိမောင်မောင်နှင့် တွဲဖက်၍ တင်ဆက်ကပြမည်ဖြစ်ပြီး နိုဝင်ဘာ ၂၀ ရက်မှစ၍ ဇာတ်တိုက်လေ့ကျင့်ကြမည်ဖြစ်ကြောင်း ကပွဲဖြစ်မြောက်ရေး စီစဉ်သူ ဦးကြိုင်မြင့်(မောင်ရန်ရှင်း) ထံမှ သိရသည်။

မြန်မာ့ရိုးရာ နန်းတွင်းရာမ ဇာတ်တော်ကြီး မကပြမီ ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် အမျိုးသားဇာတ်ရုံ၌ နန်းတွင်းရာမဇာတ်တော်ကြီးနှင့် စပ်လျဉ်းပြီး စာတမ်းရှင် ခုနစ်ဦးက စာတမ်း ခုနစ်စောင်ကို ဖတ်ကြားကြမည် ဖြစ်ကြောင်း သိရသည်။ (ရီရီမြင့်-သတင်းစဉ်)

## လျှပ်စစ်မီးပြတ်တောက်ချိန် ယာဉ်တင်ရွှေ့လျားမီးစက်များ၊ အမြင့်တင်မီးစက်များဖြင့် ရေပေးဝေနိုင်ရန် စီစဉ်ထား

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ရန်ကုန်မြို့တော်နေ ပြည်သူများအတွက် နေ့စဉ်ရေပေးဝေလျက်ရှိရာတွင် ပင်မရေအရင်းအမြစ်ကြီးများမှရေကို ပိုက်လိုင်းသွယ်တန်း၍ ပေးဝေလျက်ရှိသည့်အပြင် အဝီစိတွင်းများမှလည်း ရေပေးဝေလျက်ရှိရာ လျှပ်စစ်မီးပြတ်တောက်ချိန်များတွင် ရေပေးဝေမှု အခက်အခဲမရှိစေရေး ယာဉ်တင်ရွှေ့လျားမီးစက်များဖြင့် ရေပေးဝေနိုင်ရန် စီစဉ်ထားပြီး အထပ်မြင့်တိုက်များသို့လည်း အမြင့်တင်မီးစက်များ အသုံးပြုကာ ရေပေးဝေနိုင်ရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့တော်သို့ ဂျိုးဖြူ၊ လှော်ကား၊ ဖူးကြီး၊ ငမိုးရိပ် ရေပေးဝေရေးစီမံကိန်း(ပထမအဆင့်)တို့မှ တိုက်ရိုက်ရေပေးဝေမှုများ၊ ရေတွန်းစက်များမှတစ်ဆင့် မြို့တွင်းဧရိယာများသို့ ပေးပို့လျက်ရှိပြီး ရေပိုက်လိုင်းနှင့် အလှမ်းဝေးသော မြို့သစ်မြို့နယ်များ၊ အချို့သော မြို့တွင်းမြို့နယ်များတွင် အဝီစိတွင်းများတူးဖော်ကာ ရေပေးဝေလျက်ရှိသည်။ အဝီစိတွင်းများအနက် ၁၂၁ တွင်းမှာ ဒီဇယ်အင်ဂျင်သုံးတွင်းများဖြစ်ပြီး အချို့ အဝီစိတွင်းများမှာ လျှပ်စစ်မီးပြတ်တောက်ချိန်တွင် မောင်းနှင်ပေးဝေနိုင်ရန် အခက်အခဲရှိသည်ဟု သိရသည်။ ထို့ကြောင့် လျှပ်စစ်မီးပြတ်တောက်ချိန်တွင် မောင်းနှင်ပေးဝေနိုင်ရန် ၃၀ ကေဗွီအေမီးစက်များအား ယာဉ်တင်စနစ်ဖြင့် လည်းကောင်း၊ ရွှေ့လျားစနစ်ဖြင့်လည်းကောင်း ပေးဝေသွားနိုင်ရန် စီစဉ်ထားသည်ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ သိရသည်။

အထပ်မြင့်အိမ်ရာများ များပြားသည့် မြို့တွင်းမြို့နယ်များတွင် ရေပိုက်လိုင်းအတွင်း ရေရှိနေသော်လည်း မီးမလာခြင်း၊ ဗို့အားမပြည့်ခြင်းတို့ကြောင့် အထပ်မြင့်သို့ ရေမော်တာများဖြင့် မောင်းနှင်ပေးပို့နိုင်ခြင်းမရှိပါက အဆိုပါ အထပ်မြင့်အခန်းများသို့ အမြင့်တင်မီးစက် ၂၈ လုံးဖြင့် မောင်းနှင်ဖြန့်ဝေပေးနိုင်ရန်လည်း စီစဉ်ထားရှိထားကြောင်း သိရသည်။

ရေရရှိမှု အခက်အခဲများ ဖြစ်ပေါ်ပါကလည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)သို့လည်းကောင်း၊ သတင်းလက်ခံရာ ပြန်ကြားရေးဌာနသို့လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တစ်ဆင့်သော်လည်းကောင်း ဆက်သွယ်အကူအညီတောင်းခံနိုင်ပြီး လိုအပ်ပါက ရေသယ်ယာဉ်ကြီးများဖြင့် ရေပေးဝေမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဆုနှင်းလှဲ)

## မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကြိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

### နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

## ဆာအစ်ဖ်အလီခန်နှင့် ကရီနာကပူးတို့ ရွှေလက်တွဲတော့မည်



ဘောလိဝုဒ်နာမည်ကျော်မင်းသားတစ်ဦးဖြစ်သည့် ဆာအစ်ဖ်အလီခန်က ကာလကြာရှည် ချစ်ခင်မြတ်နိုးခဲ့ရသူ အချစ်ဆုံးချစ်သူ ဘောလိဝုဒ်ရုပ်ရှင်လောက၏ အထင်ရှားဆုံး၊ အလင်းလက်တောက်ပဆုံးငွေကြယ်ပွင့် မင်းသမီးချော ကရီနာကပူးနှင့် လာမည့်နှစ်စောစောပိုင်းတွင် လက်ထပ်တော့မည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

ကလေးနှစ်ဦးဖခင် မင်းသား ဆာအစ်ဖ်အလီခန်နှင့် ကရီနာကပူးတို့သည် သုံးနှစ်သုံးမိုး လျှောက်လှမ်းလာခဲ့သည့် ချစ်သူရည်းစားသက်တမ်းကို မကြာမီ အဆုံးသတ်တော့မည်ဖြစ်သည်။

ဆာအစ်ဖ်အလီခန်က အိန္ဒိယတိုင်းမ်သတင်းစာသို့ ပြောကြားရာတွင် "ကျွန်တော်နဲ့ ကရီနာတို့ လာမည့်နှစ်စောစောပိုင်းမှာ လက်ထပ်ကြဖို့သေချာနေပါပြီ။ ကျွန်တော်တို့ Agent Vinod ဇာတ်ကားဖြန့်ချိပြီး ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလထဲမှာ လက်ထပ်ကြဖို့စီစဉ်ထားပါတယ်။ တကယ်လို့ ဒီဇာတ်ကား ဖြန့်ချိဖို့နှောင့်နှေးခဲ့မယ်ဆိုရင်လည်း မတ်လအတွင်းမှာ ကျွန်တော်တို့က လက်ထပ်ပြီးသားဖြစ်နေမှာပါ။ ကျွန်တော်တို့နှစ်ဦးစလုံး လက်ထပ်ဖို့ရက်ကို ထပ်ပြီး မရွှေ့ဆိုင်းချင်တော့ပါဘူး" ဟု ဆိုသည်။

၎င်းက ဆက်လက်၍ "ကရီနာဟာ စိတ်ဝင်စားစရာကောင်းတဲ့ မိန်းကလေးတစ်ဦးပါ။ ကျွန်တော့်မိသားစုနဲ့လည်း အဆင်ပြေသူတစ်ဦးဖြစ်ပါတယ်။ ကျွန်တော်တို့က ဘဝတူ ရင်ခုန်သံချင်းမျှကြတဲ့ ချစ်သူတွေဖြစ်တဲ့အတွက် တစ်ယောက်နဲ့ တစ်ယောက် နားလည်ယုံကြည်မှုရှိပါတယ်။ ကျွန်တော် အချိန်တိုင်း သူနဲ့အတူနေချင်ပါတယ်"ဟု ပြောကြားသည်။

စက်တင်ဘာလအတွင်းက ဆာအစ်ဖ်အလီခန်သည် ကရီနာကပူးအတွက် လက်ထပ်လက်စွပ်ဝယ်ရန် ဈေးဝယ်ထွက်ခဲ့ကြောင်းသတင်းများ ပေါ်ထွက်ခဲ့သည်။

***အင်တာနက်။***

**အေဝမ်းစိုး**

**☆ ပြည်ထောင်စုဝန်ကြီးမှ**

အခြေခံစက်မှုနည်းပညာ တတ်မြောက်ရေးအတွက် လက်တွေ့သင်တန်းပို့ချပေးနေမှုများ၊ သဘာဝဘေး အန္တရာယ် ကြိုတင်သတိပေးမှုစနစ်နှင့် စီမံခန့်ခွဲမှုလုပ်ငန်းရပ်များ၊ နိုင်ငံတော်သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးဗဟိုဌာနတို့ကို လေ့လာခဲ့ကြသည်။

ထို့ပြင် ပေကျင်းမြို့တော်၌ နိုင်ငံတော်ကောင်စီ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဦးဆောင်အဖွဲ့ဌာနကြီးမှူး Mr. Fan Xiajian နှင့် လည်းကောင်း၊ လူသားအရင်းအမြစ်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဝန်ကြီး Mr. Yin Weimin နှင့် လည်းကောင်း တွေ့ဆုံ၍ နှစ်နိုင်ငံ အမြင်ချင်းဖလှယ် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထို့နောက် ကူမင်းမြို့ Songming ခရိုင် Yanglin စက်မှုဇုန်၌ စိုက်ပျိုးရေးအလုပ်သမားများ စက်မှုလုပ်ငန်းခွင်၌ အလုပ်အကိုင်ရရှိရေးဆောင်ရွက်ပေးနေမှုများကို လည်းကောင်း၊ လူသားအရင်းအမြစ်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနလက်အောက်ရှိ အလုပ်အကိုင်ရှာဖွေရေးရုံးတွင် အလုပ်ရှာဖွေသူများနှင့် လုပ်ငန်းရှင်များအား အရည်အချင်းနှင့် လိုအပ်ချက်များအလိုက် ဆက်စပ်ပေးသည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ လုပ်ငန်းသစ်ထူထောင်လိုသည့် ဘွဲ့ရပညာတတ်များအား ထောက်ပံ့ကူညီပေးသည့် စနစ်များ၊ လူမှုဖူလုံရေးအာမခံစနစ် ကျင့်သုံးမှုများကို လည်းကောင်း၊ အန်းနင်မြို့ရှိ နည်းပညာကောလိပ်၌ အခြေခံစက်မှုနည်းပညာဘာသာရပ်များ လက်တွေ့သင်ကြားနေမှုများကို လည်းကောင်း ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**❍ အားကစားဝန်ကြီးမှ**

အင်ဒိုနီးရှားပြည်သူများ၏ စုစည်းကြိုးစားမှုတို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လာပုံ၊ အားကစား အဆင့်အတန်းမြင့်မားပြီး အောင်မြင်မှုများရရှိလာပုံနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ပုံတို့ကို ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြိုင်ပွဲဝင်နိုင်ငံများမှ ကိုယ်စားပြုအားကစားအဖွဲ့များက နိုင်ငံအလိုက် အထိမ်းအမှတ်ရုပ်ပုံများ၊ နိုင်ငံအလံငယ်များကိုင်ဆောင်ကာ တစ်ဖွဲ့ချင်းအလိုက် ချီတက်အလေးပြုကြသည်။ ယင်းနောက် အင်ဒိုနီးရှားနိုင်ငံ သမ္မတက အဖွင့်မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးလိုက်ရာ ရောင်စုံမီးရှူးမီးပန်းများ ပစ်လွှတ်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ပါလမ်ဘန်မြို့ရှိ Jakabaring Sports City ၌ တင်းနစ်၊ ကျွမ်းဘား၊ အလေးမ၊ ရေကူး၊ ပြေးခုန်ပစ်နှင့် သေနတ်ပစ်အားကစားပြိုင်ပွဲများ ကျင်းပမည့် အားကစားကွင်းနှင့် အားကစားရုံများကို သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက် ၈ နာရီခွဲတွင် ပါလမ်ဘန်မြို့ Grand Zuri ဟိုတယ် ဒုတိယထပ်ရှိ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် သတင်းစာရှင်းလင်းပွဲခန်းမ ပြင်ဆင်ထားမှုများကို သွားရောက်ကြည့်ရှုသည်။

ထို့နောက် ဘီလီယက်ပြိုင်ပွဲအားကစားရုံ၌ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး အားကစားရုံ တည်ဆောက်မှုကို ကြည့်ရှုလေ့လာသည်။

ယင်းနောက် နပန်းအားကစားပြိုင်ပွဲကျင်းပမည့် အားကစားရုံပြင်ဆင်တည်ဆောက်ထားမှုကို ကြည့်ရှုလေ့လာပြီး မြန်မာအားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပိုက်ကျော်ခြင်း၊ စစ်တုရင်နှင့် လက်ဝှေ့ အားကစားရုံများသို့ သွားရောက်ကာ အားကစားရုံများ တည်ဆောက်ထားမှုနှင့် ပြိုင်ပွဲကျင်းပရန် ပြင်ဆင်ထားမှုများကို ကြည့်ရှုလေ့လာသည်။

(သတင်းစဉ်)




**(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသမီးနှစ်ယောက်တွဲ (K 2) မီတာ ၅၀၀ ကယက်လှေလှော်ပြိုင်ပွဲ၌ တတိယကြေးတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင် မြင့်မြင့်သန်းနှင့် နှင်းဝေလွင်။**



**(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ တိုက်ကွမ်ဒို အမျိုးသမီးတစ်ဦးချင်း (Poomsae) ကကွက် ပြိုင်ပွဲ၌ တတိယကြေးတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင် ယမင်းကေခိုင်။**

**❀ မြန်မာအားကစားမှ**

တစ်ဦးချင်း Poomsae ကကွက် ပြိုင်ပွဲ၌ မြန်မာ့လက်ရွေးစင် ယမင်းကေခိုင်က တတိယကြေးတံဆိပ်ဆုကို ဆွတ်ခူးရရှိပြီး ယင်းပြိုင်ပွဲတွင် အင်ဒိုနီးရှားက ပထမ၊ စင်ကာပူက ဒုတိယ ရရှိကြသည်။

မြန်မာအားကစား အသင်းသည် ယနေ့အထိ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်နှစ်ခု စုစုပေါင်းငါးခု ဆွတ်ခူးရရှိထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ပြည်ထဲရေးရာနှင့် ဥပဒေရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ မန္တလေးမြို့၌ ကြည့်ရှုလေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ပြည်ထဲရေးရာနှင့် ဥပဒေရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr. Bai Jingfu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့မှတစ်ဆင့် မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအောင်ဌေးကျော်နှင့် အဖွဲ့ဝင်များက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**လှည့်လည်လေ့လာ**

H. E. Mr. Bai Jingfu နှင့် အဖွဲ့သည် နံနက်ပိုင်းတွင် မန္တလေးနန်းမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်နှင့် မန္တလေးမြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါအဖွဲ့သည် ညနေပိုင်းတွင် မန္တလေးတောင်ရှိ ဆုတောင်းပြည့်မြတ်စွာဘုရားအား သွားရောက် ဖူးမြော်ကြည်ညိုကြပြီး မန္တလေးတောင်ပေါ် ရှုရပ်မှ မန္တလေးမြို့၏ ရှုခင်းအလှနှင့် နေဝင်ဆည်းဆာကို ကြည့်ရှုလေ့လာခဲ့ကြသည်။

(သတင်းစဉ်)

## ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

**မီးသတ်ဦးစီးဌာန**

## ပခုက္ကူခရိုင် ရေဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တပ်မတော်အရာရှိ၊ စစ်သည်များ ပူးပေါင်းကူညီဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၂

ပခုက္ကူမြို့ ကျွဲတဲကျေးရွာအုပ်စု စွန်သိုက်ရွာသစ်ကွင်း၌ နိုဝင်ဘာ ၁၁ ရက်တွင် ပခုက္ကူတပ်နယ်နှင့် မုံရွာတပ်နယ်တို့မှ အရာရှိ၊ စစ်သည်များက ဆောက်လုပ်ပြီး နေအိမ်များ သန့်ရှင်းရေး ပြုလုပ်ခြင်း၊ အိမ်သာဆောက်လုပ်မည့်နေရာသို့ ရွှေ့ပြောင်းခြင်း၊ အုတ်ဖိနပ်များအား ကားဖြင့် သယ်ဆောင်တင်/ချပေးခြင်း လုပ်ငန်းများကို လုပ်ငန်းတာဝန်ခံများနှင့် အတူ ပူးပေါင်းကူညီ ဆောင်ရွက်ခဲ့ကြသည်။ စွန်သိုက်ရွာသစ်ကွင်း၌ ယနေ့အထိ လူနေအိမ် ၉၆ လုံး ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။

ထို့ပြင် ရေပြာကျေးရွာနှင့် အင်တောကျေးရွာတို့တွင်လည်း ရေနစ်မြုပ်ပျက်စီးခဲ့သော စာသင်ကျောင်းဝင်းအတွင်း ရွှံ့ညွှန်များ ဖယ်ရှားခြင်း၊ အိမ်သာများပြုပြင်ဆောက်လုပ်ခြင်း၊ ဆောက်လုပ်ရန်ကျန် လူနေအိမ်များ ဆက်လက်ဆောက်လုပ်ခြင်း၊ ခိုတောင်ဘုန်းတော်ကြီး ကျောင်းသို့သွားသော မြေသားလမ်းအား မြေဖို့ မြေညှိခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ရေစကြိုတပ်နယ်မှ အရာရှိ စစ်သည်များသည် မြိုင်မြို့ အမှတ်(၂)ရပ်ကွက်နှင့် ထန်းတောမ ကျေးရွာများအတွင်းရှိ လမ်းများပေါ်တွင် တင်ကျန်နေသော ရွှံ့ညွှန်များနှင့် အမှိုက်များအား ရှင်းလင်းခြင်း၊ ရွှေမြင်းတင်ဘုန်းတော်ကြီးကျောင်း အတွင်း ပြိုလဲပျက်စီးခဲ့သော အုတ်တံတိုင်းများ ပြန်လည်ပြုပြင်ခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

**မုံရွာတပ်နယ်**

ထို့အတူ မုံရွာတပ်နယ်မှ အရာရှိ၊ စစ်သည်များသည် ချိုက်ကျေးရွာ၊ မြင်းစကောကျေးရွာ၊ ဝါဇီလေးကျေးရွာ၊ သဖန်းတောက်ကျေးရွာ၊ ချင်းငယ်ကျေးရွာနှင့် ချောင်းနားကျေးရွာတို့၌ အိမ်သစ် ဆောက်လုပ်မည့် နေရာတွင် လမ်းများပြုပြင်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ အိမ်သာဆောက်လုပ်ခြင်း၊ ရေတွင်းအား ကွန်ကရစ်ခွေချခြင်း၊ လူနေအိမ်သစ်များဆောက်လုပ်ခြင်း၊ လူနေအိမ်ဆောက်လုပ်ရန်အတွက် ရောက်ရှိလာသော အိမ်မိုးသွပ်နှင့် သစ်များ စုပုံခြင်း၊ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဆောက်လက်စနှစ်ထပ်ကျောင်းဆောင်၌ တင်ကျန်နေသောဒိုက်များ၊ အမှိုက်များ ဖယ်ရှားပေးခြင်း၊ ဆေးဝါးကုသမှုပေးခြင်းတို့ ဆောင်ရွက်ကြသည်။

အရာတော်တပ်နယ်မှ အရာရှိ၊ စစ်သည်များသည် ပင်းတလဲကျေးရွာ၌ အိမ်သစ်ဆောက်လုပ်မည့် မြေနေရာ ရှင်းလင်းခြင်း၊ မြေညှိခြင်းများ ဆောင်ရွက်ကြသည်။

ရွှေဘိုတပ်နယ်မှ အရာရှိ၊ စစ်သည်များသည် သဖန်းတောက်ကျေးရွာ၊ ကင်ပွန်းတောက်ကျေးရွာ၊ ကိုးရွာကျေးရွာ၊ ညောင်ရွှေဝကျေးရွာ၊ ကျွန်းရင်းကျေးရွာ၊ အင်းကန်ကျေးရွာနှင့် လယ်သာဝကျေးရွာများ၌ လူနေအိမ်သစ်များ ဆောက်လုပ်ခြင်း၊ လူနေအိမ်သစ် ဆောက်လုပ်မည့်နေရာတွင် အကွက်ချပန္နက်ရိုက်ခြင်း၊ အိမ်သာကျင်းတူးဖော်၍ အိမ်သာများ ဆောက်လုပ်ခြင်းတို့ကို ဒေသခံများနှင့်အတူ ပူးပေါင်းကူညီ ဆောင်ရွက်ကြသည်။

မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်များသည် အနောက်ကမ်းဖြူရွာမမြောက်၊ စိုက်ခမ်း၊ ဆားလောက်၊ ဘဲကျနှင့် သံပုရာပင်ကျေးရွာများ၌ လူနေအိမ်သစ် ၄၆ လုံး ဆောက်လုပ်ခြင်း၊ အိမ်သစ်ဆောက်လုပ်မည့် မြေနေရာများ ရှင်းလင်းခြင်း၊ အိမ်သာများ ဆောက်လုပ်ခြင်းတို့ကို ဒေသခံများနှင့် အတူ ပူးပေါင်းကူညီဆောင်ရွက်ကြသည်။

**ကျောက်ပန်းတောင်းတပ်နယ်**

ကျောက်ပန်းတောင်း တပ်နယ်မှ အရာရှိ၊ စစ်သည်များသည် တောင်ရွာမ၊ ဒေါ်သာ၊ ဆင်နီတောင် ကျေးရွာများ၌ လူနေအိမ်သစ်ဆောက်လုပ်မည့် မြေနေရာတွင် လမ်းသွယ်များ ရှင်းလင်း မြေညှိခြင်း၊ ရေနစ်မြုပ် ယိုင်လဲခဲ့သော အိမ်သာများ ပြန်လည်ပြုပြင်ခြင်းတို့ကို ဒေသခံများနှင့်အတူ ပူးပေါင်းကူညီ ဆောင်ရွက်ကြသည်။

**မကွေးတပ်နယ်**

မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်များသည် အရှေ့ကဘိုင်၊ အရှေ့ကန်တွင်း၊ ဆင်လန်းချောင်း၊ တောင်ရွာမ ကျေးရွာတို့၌ အိမ်သစ်ဆောက်လုပ်မည့် မြေနေရာရှင်းလင်းခြင်း၊ အိမ်သစ် ၆၈ လုံး ဆောက်လုပ်ခြင်း၊ အိမ်သာကျင်းတူးဖော်ခြင်း၊ ရေနစ်မြုပ်ခဲ့သည့် အိမ်ဟောင်းများ ပြန်လည်ဆယ်တင်သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းအတွင်း ရွှံ့ညွှန်များဖယ်ရှား ရှင်းလင်းခြင်းတို့ကို ဒေသခံများနှင့်အတူ ပူးပေါင်းကူညီ ဆောင်ရွက်ကြသည်။

ထို့ပြင် Save The Children အဖွဲ့ကလည်း ရေဘေးသင့်အိမ်ထောင်စုများမှ ကိုယ်ဝန်ဆောင် အမျိုးသမီးများအား ကျန်းမာရေးအသိပညာပေး ဆွေးနွေးဟောပြောပြီး ဆပ်ပြာနှင့် အနှီးပိတ်ထည်များကို ဖြန့်ဝေပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ချောက်မြို့နယ်၌ အခြေခံပညာမူလတန်းကျောင်းခွဲ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ချောက်မြို့နယ် သွေးနက်ကျေးရွာအုပ်စု သွေးနက်ရွာသစ်ကျေးရွာအခြေခံပညာမူလတန်းကျောင်းခွဲ၌ ဝတီကလျာ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များက ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် စုစုပေါင်း အလှူငွေကျပ် ၂၉၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်ပညာရေးမှူးက လက်ခံသည်။

ထို့နောက် ကျောင်းဆောင်သစ်ကို အလှူရှင်ဦးစိုးနိုင်- ဒေါ်ဌေးဌေးရီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မြို့နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါကျောင်းဆောင်သစ်မှာ အလျား ပေ ၆၀၊ အနံ ၂၆ ပေ၊ ငါးခန်းသွပ်မိုးအုတ်ကာ အဆောက်အအုံဖြစ်ပြီး ငွေကျပ် ၁၂၅သိန်း အကုန်အကျခံ တည်ဆောက်ထားကာ အလှူရှင် ဦးစိုးပိုင်-ဒေါ်တင်တင်မြ (မန္တလေးမြို့) မိသားစုက ရေချမ်းစင်တစ်ခု၊ အလှူရှင် ကျေးလက်ဒေသရေရရှိရေးစီမံကိန်း JICA ဦးဝင်းညွန့်ကြီး (အင်ဂျင်နီယာမှူး စည်ပင်သာယာရေးဦးစီးဌာန)နှင့် JICA သင်တန်းသားများက ရေကန်နှင့် ရေပိုက်များ၊ ဦးမင်းစန်းဦး - ဒေါ်လင်းကြည် မိသားစုက စာသင်ခုံ ၃၀ နှင့် ကျေးရွာပြည်သူများ စုပေါင်း၍ နှစ်ခန်းတွဲ အိမ်သာဆောက်လုပ်လှူဒါန်းထားရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

## မန္တလေးတိုင်းဒေသကြီးအတွင်း ဂျီအက်စ်အမ်မိုဘိုင်းလ်တာဝါတိုင်များ တည်ဆောက်

**မန္တလေး နိုဝင်ဘာ ၁၂**

ဂျီအက်စ်အမ်မိုဘိုင်းလ်ဖုန်း သန်း ၃၀ စီမံကိန်းအနက် ပထမနှစ် လေးသန်းချထားရေးအတွက် မန္တလေးတိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးတာဝါတိုင် ၅၀ တည်ဆောက်သွားမည်ဖြစ်သည်။ မန္တလေးမြို့တွင်း ငါးမြို့နယ်တွင် ၂၇ ခုနှင့် ခရိုင်ခြောက်ခုတွင် နေရာ ၃၀ တည်ဆောက်သွားမည်ဖြစ်ပြီး နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်၌ နေရောင်ခြည်စွမ်းအင်သုံး ဆက်သွယ်ရေးတာဝါတိုင်များကို Asia Mega Link ကုမ္ပဏီနှင့် တာမိုးညဲကုမ္ပဏီတို့က တည်ဆောက်ပေးလျက်ရှိသည်။

မိုဘိုင်းလ်ဖုန်းပထမနှစ် လေးသန်းစီမံကိန်းအရ မြန်မာနိုင်ငံတစ်ဝန်း ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် တာဝါတိုင် ၁၄၀၀ ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိက ကုမ္ပဏီများက ပူးပေါင်းတည်ဆောက်လျက်ရှိကြောင်း သိရသည်။ (၆၅၃)



**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ကံ့ကော်လမ်းသွယ်နေ ပတ္တမြားပန်း စက်မှုလက်မှု(ဦးမြင့်ကြည်)-ဒေါ်သန်းရှင်၊ သား ဦးအေးလွင်-ဒေါ်သီတာစိုး မိသားစုတို့က ပွင့်ဖြူမြို့နယ် ကျစ်ကိုင်းရွာရှိ သိန်း ၁၂၀ ကျော်တန် အမက (၁၂) ကျောင်းဆောင်သစ် လွှဲပြောင်း ပေးအပ်ပွဲကို အောက်တိုဘာ ၁၃ ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးမြင့်ဆွေထံ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်စဉ်။**

(ပညာရေး)

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**

# ဗုဒ္ဓမြတ်စွယ်တော်အား တောကြီးပျားများ လာရောက်ဦးခိုက်ဖူးမြော်

**နေပြည်တော် နိုဝင်ဘာ ၁၂**

ဗုဒ္ဓမြတ်စွယ်တော်အား တောကြီးပျားများ လာရောက်ဦးခိုက်ဖူးမြော်ကြသည့်နှယ် ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက်အရပ် (တနင်္လာထောင့်)နှင့် မြောက်အရပ် (သောကြာထောင့်)တို့ရှိ ကြာနုနှင့် ကြာမှောက်အကြားတို့၌ အုံဖွဲ့နေသည်ကို ထူးခြားစွာတွေ့မြင်ရသည်။

**စတင်အုံဖွဲ့**

တနင်္လာထောင့်ရှိ ပျားအုံကြီးသည် ခြောက်ပေခန့်ပမာဏရှိ၍ ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံမကြွရောက်မီ အောက်တိုဘာလတွင် စတင်ရောက်ရှိအုံဖွဲ့ခဲ့ကြောင်း၊ သောကြာထောင့်ရှိ ပျားအုံသည် သုံးပေခန့်ပမာဏရှိကာ မြတ်စွယ်တော် အပူဇော်ခံမကြွရောက်မီ တစ်ရက်အလို နိုဝင်ဘာ ၅ ရက်မှ စတင်ရောက်ရှိအုံဖွဲ့ကြောင်းသိရှိရသည်။

ပျားများ၏ သဘောသဘာဝသည် အေးချမ်းသည့် အရပ်ဒေသတို့တွင်သာ အုံဖွဲ့လေ့ရှိသဖြင့် ဥပ္ပါတသန္တိစေတီတော်၌ လာရောက်အုံဖွဲ့နေခြင်းသည် အမိမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်မည့် အတိတ်နိမိတ်ကောင်းဆောင်ခြင်းဖြစ်သကဲ့သို့ ဗုဒ္ဓမြတ်စွယ်တော်ဒေသစာရီကြွချီ အပူဇော်ခံစဉ်ကာလဖြစ်သဖြင့် မြတ်စွယ်တော်အား ဦးခိုက်ပူဇော်ခြင်း၊ မြန်မာ-တရုတ် ချစ်ကြည်မှုအေးချမ်းခိုင်မြဲစွာ ထာဝရတည်ရှိနေမည့် အတိတ်နိမိတ်ကောင်းကိုလည်းဆောင်ခြင်းဖြစ်ကြောင်း ဘုရားဖူးလာလူကြီးသူမအချို့က မှတ်ချက်ပြုကြပါကြောင်း။

(မောင်သန္တိ)

# စီမံကိန်းဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့ အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာကိစ္စများ ရှင်းလင်းခြင်းအခမ်းအနား ကျင်းပ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၂

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက စီမံကိန်းဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာကိစ္စများ ရှင်းလင်းခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် တက်ရောက်အမှာစကား ပြောကြားသည်။**

တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားရာ၌ စီမံကိန်းရေးဆွဲရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာကိစ္စရပ်များနှင့် UN Agencies, NGO, INGO များနှင့် ဆက်သွယ်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်သဖြင့် တက်ရောက်လာကြသူအားလုံး အလေးအနက်ထား မှတ်သားကြရန်နှင့် မရှင်းလင်းသည်များ၊ သိလိုသည်များကို ကျေလည်အောင် ဆွေးနွေးကြရန်လိုကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး၏ စီမံကိန်းရည်မှန်းချက်များပြည့်မီအောင် အားလုံးက ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ယခု GDP ဆိုင်ရာ ကိစ္စရပ်ကို ဆွေးနွေးကြသည့်အခါ ငါးနှစ်စီမံကိန်း ဖြည့်စွက်ရေးဆွဲရန်ကိစ္စများ၊ GDP အကောင်အထည်ဖော်ရန် ကိစ္စများ၌ တက်ရောက်လာသည့် ဌာန/အဖွဲ့အစည်းများက တိုင်းဒေသကြီး၏ GDP ပြည့်မီရေးကို ဦးတည်ပြီး ဝိုင်းဝန်းဆွေးနွေးကြပါဟု မှာကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က စီမံကိန်းဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ ကိစ္စများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဝင်းမြင့်က စီမံကိန်းဆိုင်ရာနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကိစ္စများကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကိုက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က တက်ရောက်လာသူများ၏ သိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**အကြိုညှိနှိုင်း**

**ရွှေဟောင်းယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။**

(သတင်းစဉ်)

○ ကျောဖုံးမှ

များက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

နိုဝင်ဘာ ၁၁ ရက် ညပိုင်းတွင်လည်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက ငွေကျပ်ငါးသိန်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့်ဇနီး ဒေါ်ခင်မေစိုးမိသားစုက ငွေကျပ်နှစ်သိန်းတို့ကို လာရောက်လှူဒါန်းခဲ့ကြသည်။

နိုဝင်ဘာ ၁၁ ရက် ညနေပိုင်းမှ ယနေ့ညနေ ၆ နာရီအထိ အလှူခံဌာနများသို့ လာရောက်လှူဒါန်းကြသည့် လှူဒါန်းမှုအစုစုမှာ အလှူတော်ငွေ ၃၀၆၈၂၀၈၆ ကျပ်၊ အမေရိကန်ဒေါ်လာ ၁၀၀၊ ရီမင်ဘီ ၁၁၂၊ ထိုင်းဘတ် ၁၁၅၉၊ အိန္ဒိယရူပီး ၂၀၊ ဗီယက်နမ်ဒေါင် ၅၄၀၀၀ နှင့် ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာမျိုးစုံ အခု ၉၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၉၆၅၀၀၀ တို့ ဖြစ်သည်။

(သတင်းစဉ်)

# ရွှေတိဂုံ နှစ် ၂၆၀၀ ပြည့် အကြိုလှုပ်ရှားမှု ဓာတ်ပုံပြပွဲ ပြုလုပ်မည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရွှေတိဂုံစေတီတော်ကြီး၏ နှစ် ၂၆၀၀ ပြည့် အကြိုလှုပ်ရှားမှုအဖြစ် ဓာတ်ပုံပြပွဲကို ရွှေတိဂုံစေတီတော်ရင်ပြင်တွင် နိုဝင်ဘာ ၁၃ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"အောင်မြေအနားမှာရှိတဲ့ ချမ်းသာကြီးတန်ဆောင်းထဲမှာ ကျင်းပမှာပါ။ မြတ်ဗုဒ္ဓရဲ့ ပွင့်တော်မူရာဒေသတွေရဲ့ ဓာတ်ပုံတွေကို ပြသထားမှာဖြစ်ပါတယ်" ဟု ဂေါပကအဖွဲ့မှ ရုံးအဖွဲ့မှူး ဦးဝင်းကြိုင်က ပြောသည်။

ထိုဓာတ်ပုံပြပွဲကို ဂေါပကအဖွဲ့က ကြီးကြပ်၍ ဓာတ်ပုံပညာရှင် ဦးသန်းဇော်နှင့် မိသားစုတို့က ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်တွင် ရိုက်ကူးထားသည့် ဓာတ်ပုံများကို အသွင်ဆန်းပြားစွာ Light Box များဖြင့် ပြသသွားမည်ဖြစ်သည်။ ပုံပေါင်း ၁၆၆ ပုံကို နံနက် ၇ နာရီမှ ည ၉ နာရီအထိပြသ၍ အခါအားလျော်စွာ ရှင်းလင်းပြသပေးမှုများကို ပြုလုပ်ရန် စီစဉ်ထားသည်။

**တတိယအကြိမ်**

လွန်ခဲ့သော နှစ်နှစ် သုံးနှစ်ခန့်က ယင်းကဲ့သို့သော ဓာတ်ပုံပြပွဲမျိုး ကျင်းပပြီး ယခုပြုလုပ်ခြင်းမှာ တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

(၆၈၀)

# နိုင်ငံတော်နှင့်တပ်မတော်၏ သဘောထားနှင့် စေတနာအမှန်ကိုသိမြင်၍ တောတွင်းလက်နက်ကိုင်အဖွဲ့ များ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၂**

နိုင်ငံတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်လျှောက်လှမ်းလျက်ရှိသည်။ တပ်မတော်အနေဖြင့်လည်း ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထား၍ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်ကာ တပ်မတော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သော နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်သောဒေသများ၌ ဒေသခံပြည်သူများနှင့် ပူးပေါင်းပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်တို့၏ သဘောထားအမှန်ကို သိမြင်လာကြသော သောင်းကျန်းသူအဖွဲ့ဝင်များသည် ၎င်းတို့အဖွဲ့ ခေါင်းဆောင်များ၏ စေခိုင်းချက်အရ အများပြည်သူများသွားလာမှု အဆင်ပြေစေရန် နိုင်ငံတော်က ဆောက်လုပ်ပေးထားသော လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ဒေသခံပြည်သူလူထုထံမှ ငွေကြေးများ အတင်းအဓမ္မ တောင်းခံခြင်း၊ ၎င်းတို့တပ်ဖွဲ့အတွက် အတင်းအဓမ္မ လူသစ်စုဆောင်းခြင်း၊ တရားမဝင်မူးယစ်ဆေးဝါးများ ရောင်းဝယ်မှု ပြုလုပ်ခြင်း၊ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းစသည့် အဖျက်အမှောင့်လုပ်ငန်းမျိုးစုံအား လုပ်ကိုင်လာခဲ့ရာမှ မှန်ကန်ကောင်းမွန်မှုမရှိသော ၎င်းတို့၏ မှားယွင်းသည့် လုပ်ရပ်များအပေါ် နားလည်သဘောပေါက်လာကာ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ ရင်ခွင်သို့ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိသည်။

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုဝင်ဘာ ၃ ရက်တွင် ကေအိုင်အေ(ကချင်)အဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိ ကျုံတုံးဝမ် ဦးစီးအင်အား သုံးဦးသည် လက်နက်ငယ်မျိုးစုံငါးလက်၊ အမ်-၂၃ တရုတ်စက်လတ် တစ်လက်တို့ဖြင့် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့သည်။

အဆိုပါ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့သူများအား နယ်မြေခံတပ်မှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုကြပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန် ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေး အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၂**

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အကြိုညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ရှေးဟောင်း မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဒေသများဖြစ်သော ပုဂံ၊ ပင်းယ၊ အင်းဝ၊ မြောက်ဦး၊ သရေခေတ္တရာ၊ ပြည်၊ စလင်း၊ စလေနှင့် မန္တလေး စသည့်ဒေသများအတွင်းရှိ ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆောင်ရွက်နေသော နည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံ ဗိသုကာပညာရှင်အသင်းတို့မှ တာဝန်ရှိသူများက ရှေးဟောင်း အဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှေးမူမပျက် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော လူအား၊ စက်အားနှင့် နည်းပညာပိုင်းများဖြင့် ပံ့ပိုးဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းနှင့် မြန်မာနိုင်ငံဗိသုကာပညာရှင်အသင်းတို့ ပူးပေါင်း၍ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသများသို့ ကွင်းဆင်းလေ့လာ သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်၍ ရှေးဟောင်းအဆောက်အအုံများ ရှေးမူလက်ရာမပျက် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရေး အလုပ်ရုံ ဆွေးနွေးပွဲများကိုလည်း မကြာမီကာလအတွင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# သာကေတ ၁/ထူပါရုံရပ်ကွက် သုတဘဏ်စာကြည့်တိုက် နှစ်ပတ်လည်အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်မြို့ သာကေတမြို့နယ် ၁/ထူပါရုံရပ်ကွက် သုတဘဏ်စာကြည့်တိုက် နှစ်ပတ်လည် အထိမ်းအမှတ်နှင့် စာဆိုတော်နေ့အကြို စာပေဟောပြောပွဲကို နိုဝင်ဘာ ၆ ရက် (တနင်္ဂနွေနေ့) ည ၇ နာရီတွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ဆရာချစ်နိုင်(စိတ်ပညာ)က စာပေရဲ့ကျေးဇူး၊ ဆရာအဏ္ဏဝါစိုးမိုးက လက်ညှိုးထောင်ခေါင်းညိတ်လိုက်သော်၊ ဆရာမှော်ဝန်းကြည်မြတ်က စကားလက်ဆောင်ခေါင်းစဉ်များဖြင့် စာပေဟောပြောကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းက စာပေပညာရှင်များဖြစ်သော ဆရာချစ်နိုင်(စိတ်ပညာ)၊ ဆရာအဏ္ဏဝါစိုးမိုးနှင့် ဆရာမှော်ဝန်းကြည်မြတ်တို့အား ဂုဏ်ပြုလက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ကြေးမုံ)

# လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ တောင်တွင်းကြီး၌ ပေးအပ်

**တောင်တွင်းကြီး နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ နိုဝင်ဘာ ၂ ရက် ညနေက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲခဲ့သော ဝါးသုံးပြုးကျေးရွာအုပ်စု၊ ထောက်ကြွံကွင်းကျေးရွာမှ လူနေအိမ် ခြောက်လုံး၊ ကြို့ချောင်းအုပ်စု တက်ပုအောင်းကျေးရွာမှ လူနေအိမ် ခုနစ်လုံးတို့မှ မိသားစုဝင်များအား နိုဝင်ဘာ ၅ ရက်က အဆိုပါကျေးရွာများ၌ ထောက်ပံ့ပစ္စည်းများကို အသီးသီး ပေးအပ်လှူဒါန်းကြသည်။

လေဘေးသင့် အိမ်ထောင်စု ၁၃ စု အတွက်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ပေးအပ်သော ထောက်ပံ့ပစ္စည်းများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့မှ Family Kitset နှင့် Kitchenset များ၊ လယ်ယာသုံးပစ္စည်းတစ်စုံစီ၊ စာသင်ကျောင်းပြင်ဆင်ရန် ပြည်ခိုင်ဖြိုးပါတီမှ ငွေကျပ်ငါးသောင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ပေးအပ်သော ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ပေးအပ်လှူဒါန်းရာ အုပ်စုအုပ်ချုပ်ရေးမှူးတို့က အသီးသီး လက်ခံရယူကြကြောင်း သိရသည်။

(၅၈၀)



# ပုသိမ်မြို့၌ မိုးစပါးစံကွက် ရိတ်သိမ်း

**ပုသိမ် နိုဝင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု ကွင်းအမှတ် (၅၄) ပျဉ်းကတိုးကုန်းကွင်း၌ တောင်သူဦးကိုအေး စိုက်ပျိုးထားသည့် မနောသုခစပါးမျိုးသင့် အဆင့်အတန်းရှိ မိုးစပါး ၁ ဒသမ ၆၁ ဧကကို နိုဝင်ဘာ ၄ ရက်က စံကွက်ရိတ်သိမ်းရာ ဧရာဝတီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူးများ ဖြစ်ကြသော ဦးခင်မောင်ဗိုလ်၊ ဦးအောင်ဇော်မြင့်၊ ဦးလှဝေ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးစိန်မောင်မြင့်နှင့် တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ကြသည်။ **(ဝဲပုံ)**

စပါးတစ်ဧက ပျမ်းမျှအထွက်နှုန်း ၆၅ ဒသမ ၀၃ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

(မြို့နယ်မြေစာရင်း)

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

၂၀၁၁ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၅ ရက်မှ စတင်၍ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်အသင်းပေါင်း (၁၄)သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ရှမ်းပြည်နယ် တောင်ကြီးမြို့ ကမ္ဘောဇ FC ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် ညနေ ၃ နာရီတွင် ကမ္ဘောဇ FC ဘောလုံးကွင်း၌ ကျင်းပမည် ဖြစ်ပြီး ကျန်ပွဲစဉ်များကို ဂနိုင်ရေးဘောလုံးကွင်း၌ ကျင်းပ၍ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများကို ကမ္ဘောဇ FC ဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့

**World Diabetes Day** ၁၄-၁၁-၂၀၁၁

**"ဆီးချိုသွေးချိုအကြောင်း သိစေဖို့ မနေးအမြန် ပညာပေးစို့"**

**ACT ON DIABETES. NOW.**

ကျန်းမာရေးဝန်ကြီးဌာန

## နိုင်ငံတကာအားကစားသတင်းများ

### တွန်မ်ကလီဗာလေ ကမ္ဘာ့အဆင့်အတန်းမီ ကစားသမားဖြစ်လာနိုင်ဖွယ်ရှိကြောင်း ဝဲလ်ဘက်ပြောကြား

**မန်ချက်စတာ နိုဝင်ဘာ ၁၂**

မန်ယူတိုက်စစ်မှူး ဒန်နီဝဲလ်ဘက်က အသင်းဖော် ကွင်းလယ်ကစားသမား တွန်မ်ကလီဗာလေမှာ ကမ္ဘာ့အဆင့် အတန်းမီ ကစားသမားတစ်ယောက် အဖြစ် ထွန်းတောက်လာနိုင်ဖွယ်ရှိသည်ဟု ယုံကြည်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**ခြေစွမ်းပြ**

အသက်(၂၂)နှစ်ရှိ ကလီဗာလေမှာ မန်ယူအသင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့သဖြင့် အင်္ဂလန်နည်းပြ ကာပယ်လို၏ ရွေးချယ်ခြင်းကို ခံခဲ့ရသည်။

သို့သော် ၎င်းသည် ခြေချင်းဝတ် ဒဏ်ရာရရှိနေ၍ စပိန်နှင့် ခြေစမ်းပွဲကစားမည့်ပွဲစဉ်တွင် ပါဝင်နိုင်ခြင်း မရှိခဲ့ပေ။

အသက်(၂၀)အရွယ် မန်ယူတိုက်စစ်မှူး ဝဲလ်ဘက်က ကလီဗာလေသည် ထိပ်တန်းကစားသမားတစ်ဦး ဖြစ်လာနိုင်ကြောင်း၊ ဘောလုံးကစားနည်းသည် ရိုးရှင်းသော ကစားနည်းဖြစ်ကြောင်း၊ မည်သူမဆို ကစားနိုင်ကြောင်း၊ သို့သော် ကျွမ်းကျင်ပိုင်နိုင် နည်းစနစ်ကျနစွာ ကစားနိုင်ရန်မှာ မလွယ်ကူကြောင်း၊ အထူးသဖြင့် ဗဟိုကွင်းလယ်ကစားသမားများ အနေဖြင့် ပို၍ မလွယ်ကူကြောင်း၊ ၎င်းတို့သည် တိုက်စစ်ရော ခံစစ်ပါ လိုက်ပါကစားရကြောင်း၊ ကလီဗာလေသည် ဘောလုံးဖြန့်ဝေမှု ကောင်းမွန်သည့်အပြင် ခံစစ်အထိပါ လိုက်ပါကစားနိုင်ကြောင်း၊ ၎င်း၏ လက်ရှိခြေစွမ်းကို ဆက်လက်မြှင့်တင်လာနိုင်ပါက အဆင့်အတန်းမီ ကစားသမားအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဆက်လက်၍ ဝဲလ်ဘက်က မိမိတို့ နှစ်ဦးမှာ လူငယ်ဘောလုံးအကယ်ဒမီတွင် အတူတူ တက်ရောက်ခဲ့ကြကြောင်း၊ ထို့ကြောင့် တစ်ယောက်အကြောင်းကို တစ်ယောက် အတွင်းကျကျသိရှိကြောင်း၊ ယင်းကြောင့် ၎င်းသည် ကမ္ဘာ့အဆင့်မီ ကစားသမားတစ်ယောက် ဖြစ်လာနိုင်သည်ဟု မိမိယုံကြည်ကြောင်း မှတ်ချက်ပေး ပြောဆိုခဲ့သည်။



*ကလီဗာလေ(မန်ယူ)။*

***အင်တာနက်။***

### အာစင်ဝင်းဂါးသည် အသင်းသားများ၏ အကြံဉာဏ်များကို လိုလားသူမဟုတ်ကြောင်း အာရှာဗင် ဝေဖန်ပြောကြား

**လန်ဒန် နိုဝင်ဘာ ၁၂**

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် အသင်းရှိ ကစားသမားများက ပေးသော အကြံဉာဏ်ကောင်းများကို လိုလားသူမဟုတ်ကြောင်း အာဆင်နယ် တိုက်စစ်မှူး အာရှာဗင်က ဝေဖန်ပြောကြားခဲ့သည်။

**စိတ်မဝင်စား**

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီက ဇင်းနစ်အသင်းမှ ပေါင် ၁၅ သန်းဖြင့် ပြောင်းရွှေ့လာသည့် အာရှာဗင်က ဝင်းဂါးသည် အသင်းနှင့်ပတ်သက်၍သော်လည်းကောင်း၊ အပြောင်းအလဲတစ်ခုပြုရန် ပေးသော အကြံဉာဏ်ကောင်းများကဲ့သို့ အသင်းသားများကပေးသော အကြံဉာဏ်များကို စိုးစဉ်းမျှ စိတ်ဝင်စားခြင်းမရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် ၎င်းက မိမိဇင်းနစ်အသင်းတွင် ရှိနေစဉ်က အသင်းအား အကြံဉာဏ်ကောင်းများပေးရန် တုံ့ဆိုင်းမနေခဲ့ကြောင်း၊ သို့သော် ဝင်းဂါးကို ဝေဖန်အကြံပေးရန်မှု များစွာချီတုံချတုံဖြစ်ခဲ့ရကြောင်း၊ မိမိတို့ပေးသမျှ အကြံဉာဏ်သည် သဲထဲရေသွန်သလိုသာ ဖြစ်ခဲ့ရကြောင်းဆိုသည်။



*အာရှာဗင်(အာဆင်နယ်)။*

ရုရှားအသင်းခေါင်းဆောင် အာရှာဗင်သည် ယခုနှစ်အတွင်း ၁၉ ပွဲတွင် နှစ်ပွဲသာ အပြည့်အဝ ပွဲထွက်ကစားခဲ့ရပြီး အရန်ခုံတွင် ထိုင်နေရသည်က များနေသည်။ အာစင်ဝင်းဂါးအနေဖြင့် အာရှာဗင်ထက် သီယိုဝဲကော့နှင့် ဂါဗင်ဟိုတို့ကို ပိုမိုနှစ်သက်သဖြင့် ယခုကဲ့သို့ ပွဲထွက်ကစားခွင့် ပျောက်ဆုံးနေခြင်းဖြစ်သည်။

**အချည်းနှီး**

ယင်းကိစ္စနှင့်ပတ်သက်၍ အာရှာဗင်က အရန်ခုံတွင် ထိုင်နေရ သည်ထက် ဇင်းနစ်သို့ ပြန်လည်ကစားခြင်းက ပိုမိုကောင်းမွန်သည်ဟု ထင်မြင်ကြောင်း၊ ဘောလုံးသမား တစ်ယောက်သည် အရန်ခုံတွင် ထိုင်နေရ သည့်အချိန်များလာလျှင် စိတ်ဓာတ်ကျဆင်းပြီး ယုံကြည်မှု ပျောက်ဆုံးလာစေကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ မိမိထင်မြင်ချက်ကို ဝင်းဂါးအား ပြောဆိုသော်လည်း အချည်းနှီးသာဖြစ်ကြောင်း ဆိုသည်။

အာရှာဗင်၏ လက်ရှိ အာဆင်နယ်အသင်း နှင့် စာချုပ်မှာ ၂၀၁၃ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။ ၎င်းအား ဇင်းနစ်အသင်းက ပြန်လည်ခေါ်ယူလိုနေပြီး ၎င်းကိုယ်တိုင်ကလည်း မိခင်ကလပ်သို့ ပြန်သွားလိုကြောင်း သိရသည်။ သို့သော် အာရှာဗင်က ယခုလာမည့် အပြောင်းအရွှေ့ဈေးကွက်အတွင်း ဇင်းနစ်သို့ ပြန်လည်ရောက်ရှိရေးအတွက် နည်းပြအာစင်ဝင်းဂါးကို အတင်းအကျပ်ဖိအားပေးမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

***အင်တာနက်။***

**ဟိန်းထက်လင်း**

## ပြည်သူ့ထံမှ ပေးစာများ

### လမ်းပိတ်ဆို့မှု ရှင်းလင်းစေချင်

**စာတည်းရှင့်-**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၁၇၀) ဗညားဒလလမ်းမ ရှေ့တွင် အဝတ်အထည်များကို လမ်းမပေါ်၌ ပိတ်ဆို့၍ ရောင်းချနေသည်သာမက ပတ်ဝန်းကျင်နေသူများကိုလည်း ရန်ပြုခြင်းများပြုလုပ်နေပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှား ပေးပါရန်တင်ပြအပ်ပါသည်။

**လမ်းသူ/လမ်းသားများ**

### မသန့်ရှင်းသောရေများမှ သန့်ရှင်းသောရေများဖြစ်စေလို

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက်သို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဖြန့်ဝေပေးလျက်ရှိသော ရေများတွင် မသန့်ရှင်းသော ရွှံ့ဗွက်ရေများ နေ့စဉ်လိုလိုပါဝင်နေသည်မှာကြာမြင့်ပြီဖြစ်သော်လည်း ပြုပြင်ခြင်းမရှိပါ။ သို့အတွက်ကြောင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေးထိခိုက်မည်ကို စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်နေပြည်သူတစ်ဦး**

### ကားဘော်ဒီရုံဖယ်ရှားစေချင်

**စာတည်းခင်ဗျား-**

ဒဂုံမြို့သစ်(တောင်ပိုင်း) ၅၆ ရပ်ကွက် ချမ်းမြေ့သာစည်လမ်းရှိ ကားဘော်ဒီရုံသည် လျှပ်စစ်မီးဖြင့် ဂဟေဆော်ခြင်း၊ ဆေးမှုတ်ခြင်း၊ ကျောက်စက်တိုက်ခြင်းတို့ကြောင့် လျှပ်စစ်ပစ္စည်းများပျက်စီးခြင်း၊ ဆေးနံ့ ညှော်နံ့များနံခြင်း၊ မီးပျက်လျှင် မီးစက်နှိုး၍ ဆူညံသံကြောင့် သက်ကြီးရွယ်အိုများ အိပ်စက်မရခြင်းနှင့် ကျန်းမာရေး ထိခိုက်ခြင်းတို့အပြင် ကားများ ဝင်/ထွက်သွားလာခြင်းကြောင့် လမ်းများပျက်စီးခြင်း ဖြစ်ပေါ်နေပါသဖြင့် ၎င်းဘော်ဒီရုံအား သက်ဆိုင်ရာမှ ဖယ်ရှားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**လမ်းသူ၊ လမ်းသားများ**

## မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၂**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်မှာ** ကော့သောင်းမြို့တွင် သုည ဒသမ ၃၂ လက်မ ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

## ပြည်ပ၌ အလုပ်လုပ်လိုသူ သူငယ်ချင်းကိုသတ်၍ ပစ္စည်းယူ

**ရန်ကုန် နိုဝင်ဘာ ၁၂**

နိုင်ငံခြားသို့သွားရောက် အလုပ်လုပ်ရန် ငွေလိုသဖြင့် ကျောက်ပန်းတောင်းမြို့နယ် ဆယ်ပေါက်ရွာဘက်တွင် ကျောက်ပန်းတောင်းမြို့နေ သူငယ်ချင်းဖြစ်သူ သန့်ဇင်ထွန်း (၂၃)နှစ်ကို အောက်တိုဘာ ၂၇ ရက် ညနေက သတ်ကာ ရွှေဆွဲကြိုး၊ ရွှေလက်စွပ်နှင့် မော်တော်ဆိုင်ကယ်တို့ကို ယူဆောင်၍ တိမ်းရှောင်လာသူ ဇော်မျိုး (၂၃) နှစ်ကို ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့အထူးမှုခင်းနှိမ်နင်းရေးဌာနက ရိုးမဘဏ်အနီးတွင် နိုဝင်ဘာ ၁ ရက်က ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

အမှုဖြစ်စဉ်မှာ အောက်တိုဘာ၂၇ ရက် ညနေ ၄ နာရီခွဲခန့်တွင် မောင်သန့်ဇင်ထွန်းသည် နေအိမ်မှ လက်ကိုင်ဖုန်းတစ်လုံး၊ ရွှေဆွဲပြားပါ ရွှေဆွဲကြိုးတစ်ကုံး၊ ကျောက်ဖြူလက်စွပ်တစ်ကွင်း၊ မော်တော်ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ထွက်သွားရာမှ ပျောက်ဆုံးနေကြောင်း ဖခင်ဖြစ်သူက အောက်တိုဘာ ၂၈ ရက်တွင် တိုင်ကြား၍ ကျောက်ပန်းတောင်း ရဲစခန်းက လူပျောက်အမှတ်စဉ် (၅/၂၀၁၁) ဖြင့် အမှုဖွင့်ခဲ့ပြီး ပြည်နယ်၊ တိုင်းဒေသကြီးအားလုံး ကူညီစုံစမ်းပေးပါရန် ဓာတ်ပုံနှင့်အတူ ဖြန့်ဝေပေးပို့ခဲ့သည်။

ယင်းအမှုကို စုံစမ်းနေစဉ် နိုဝင်ဘာ ၁ ရက် မွန်းလွဲပိုင်းတွင် ငွေကျပ်တစ်သိန်းခွဲကို ရန်ကုန်ဘူတာကြီးအနီးရှိ ရိုးမဘဏ်သို့ ငွေလွှဲပို့ပေးရန် ပျောက်ဆုံးသူနှင့် ပါသွားသည့် လက်ကိုင်ဖုန်းဖြင့် အစ်မဖြစ်သူ၏ဖုန်းသို့ မက်ဆေ့ချ်ပေးပို့သဖြင့် ကူညီစုံစမ်းဖော်ထုတ်ပေးရန် ရဲတပ်ဖွဲ့က အကြောင်းကြားသည်။ ယင်းသတင်းအရ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ရုံးက အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ စုံစမ်းဖော်ထုတ်ရန် ဆက်လက်ညွှန်ကြားခဲ့သည်။

အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် ခရိုင်အထူးမှုခင်းနှိမ်နင်းရေးဌာန စုမှူး ရဲအုပ် မျိုးအောင်မြင့်၊ ရဲအုပ်ကျော်ဆန်းဝင်း၊ ဒုရဲအုပ်ရဲထွဋ်တို့အဖွဲ့က ရိုးမဘဏ်၌ စောင့်ဆိုင်းနေခဲ့သည်။ ယင်းသို့ စောင့်နေစဉ် မုံရွာမှ သေသူ၏ အစ်မဆရာမက လွှဲပို့သည့် ငွေကျပ်တစ်သိန်းခွဲကို လာရောက်ထုတ်ယူမည့် ကျောက်ပန်းတောင်းမြို့နေ ဇော်မျိုး(၂၃)နှစ်ဆိုသူကို တွေ့ရှိပြီး ရုံးသို့ခေါ်ယူစစ်ဆေးခဲ့သည်။

ဇော်မျိုးထံမှ ကတ်ပါလက်ကိုင်ဖုန်းကို တွေ့ရှိသိမ်းဆည်းခဲ့ပြီး ပျောက်ဆုံးနေသူ သန့်ဇင်ထွန်းနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းရာ နိုင်ငံခြားသို့သွားရန် ငွေလိုသဖြင့် သူငယ်ချင်းဖြစ်သူကို သတ်၍ ဝတ်ဆင်ထားသည့် ရွှေဆွဲကြိုး၊ ရွှေလက်စွပ်နှင့်ဆိုင်ကယ်တို့ကို ယူဆောင်ကာ နယ်စပ်မှတစ်ဆင့် သွားရောက်ရန် ကြံစည်ခဲ့ကြောင်း၊ အောက်တိုဘာ ၂၇ ရက် ညနေ ၄ နာရီခန့်တွင် ၎င်းမြှုပ်နှံထားသော ပစ္စည်းတစ်ခုကို အတူတကွ တူးမည်ဟုဆိုကာ ဆိုင်ကယ်စီး၍ လာခဲ့ကြောင်း၊ ၎င်းကပေါက်တူးဖြင့် မြေပေါက်ပြီး သေဆုံးသူက မြေများကို လက်ဖြင့် ကျုံးဖယ်ပေးကြောင်း၊ ယင်းသို့ မြေများကိုကျုံးနေစဉ် ၎င်းကပေါက်တူးအသွားဖြင့် သေသူ၏ ဦးခေါင်းကို ငါးချက်မှ ခြောက်ချက်ခန့် ခုတ်ရာ သေဆုံးသူ ငြိမ်ကျသွားကြောင်း၊ အလောင်းအား တူးထားသည့် ကျင်းထဲ ထည့်၍ မြေမြှုပ်ဖျောက်ဖျက်ခဲ့ကြောင်း၊ ညနေ ၆ နာရီခန့်တွင် ဆိုင်ကယ်ဖြင့် ထွက်လာခဲ့ပြီး ဆိုင်ကယ်ကို လက်ဖက်ရည်ဆိုင်အနီး၌ ထားခဲ့ကြောင်း စစ်ဆေးဖော်ထုတ်နိုင်ခဲ့သည်ဟု သိရသည်။

သက်ဆိုင်ရာက သေဆုံးသူထံမှ ၎င်းချွတ်ယူခဲ့သည်ဆိုသော ရွှေထည်ပစ္စည်းများကို ရောင်းချထားသည့် နေရာများမှ ပြန်သိမ်းဆည်းကာ ကျောက်ပန်းတောင်းရဲစခန်းက (ပ)၂၅၁/၂၀၁၁ ပြစ်မှုပုဒ်မ ၃၀၂ အရ အမှုဖွင့် ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၃၁)

**တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ**

# ဗုဒ္ဓမြတ်စွယ်တော် သီတင်းသုံးစံပယ်အပူဇော်ခံ သတ္တမနေ့

## ဥပ္ပါတသန္တိစေတီတော်တွင် မြတ်စွယ်တော်ဖူးလာပြည်သူများ စည်ကား

နေပြည်တော် နိုဝင်ဘာ ၁၂

**မြန်မာနိုင်ငံ တစ်နံတစ်လျားမှ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်စေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ခမ်းနားထည်ဝါစွာ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော် ဥပ္ပါတသန္တိစေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်မြတ်ရှေ့၌ ယာယီသီတင်းသုံးစံပယ် အပူဇော်ခံလျက်ရှိရာ ယနေ့ သတ္တမနေ့တွင် နံနက်ပိုင်းမှ ညပိုင်းအထိ ဥပ္ပါတသန္တိစေတီတော်၌ ဘုရားဖူးလာရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။**



**ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညို**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုကြစဉ်။**

(သတင်းစဉ်)

ထိုကဲ့သို့ ဖူးမြော်ကြရာတွင် နေပြည်တော် ပျဉ်းမနား ဘိုးဘွားရိပ်သာမှ အဘိုးလေးဦးနှင့် အဘွား ၁၇ ဦးတို့သည်လည်း ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့နာယက ဒေါက်တာ ဒေါ်ကျော့သာစိန်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက်ပိုင်းတွင် မြတ်စွယ်တော်အား လာရောက်ဖူးမြော်၍ အလှူတော်ငွေများ ထည့်ဝင်လှူဒါန်းကြသည်။

မြတ်စွယ်တော်ဖူးလာပြည်သူများ သဒ္ဓါကြည်ဖြူ ပေးလှူနိုင်ရန်အတွက် အလှူခံဌာနများ ဖွင့်လှစ် အလှူခံလျက်ရှိရာ အလှူရှင်များဖြစ်ကြသည့် အိန္ဒိယနိုင်ငံ ကုသိနာရုံ မြန်မာကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ ဦးဆောင်တော်မူသည့် ဘုရားဖူးအဖွဲ့ဝင်များက ငွေကျပ်လေးသိန်း၊ ထိုင်းဘတ် ၈၀ နှင့် အိန္ဒိယရူပီး ၂၀၊ နှစ်ဖက်သောမိဘများအား အမျှထား၍ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်အောင်-ဒေါ်ချိုချိုဝင်း မိသားစုက ငွေကျပ်သုံးသိန်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ ဦးစံရွှေအောင်-ဒေါ်အေးအေးသန်း မိသားစုက ငွေကျပ်နှစ်သိန်း၊ အရာခံဗိုလ်စိန်ဝင်း-ဒေါ်စိန်စိန်အေး သားသမီးမြေးမိသားစုက စုစုပေါင်းခန့်မှန်းငွေကျပ် ၇၂၀၀၀၀ တန်ဖိုးရှိ ရွှေဆွဲပြားတစ်ခုနှင့် ရွှေဆွဲကြိုးတစ်ကုံး၊ ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍ နေပြည်တော်နေ ဗိုလ်ကြီးနိုင်ဇော်ဦး (အငြိမ်းစား)နှင့် မောင်နှမများက ခန့်မှန်းငွေကျပ် ငါးသိန်းတန်ဖိုးရှိ နဝရတ်ကိုးပါးရွှေလက်စွပ်တစ်ကွင်း၊ ပျဉ်းမနားမြို့နေ ဦးဝမ်စွိ-(ဒေါ်လင့်ငါ) ရွှေဝါမိသားစုဆန်ဆိုင်က စုစုပေါင်းခန့်မှန်းငွေကျပ် ၃၄၉၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ်တစ်ကွင်းနှင့် ရွှေနားကပ်တစ်ရန်၊ နေပြည်တော်နေ ဗိုလ်မှူးချုပ် အောင်မျိုးမင်း (အငြိမ်းစား)- ဒေါ်သဇင်နွယ်တို့က စုစုပေါင်း ခန့်မှန်းငွေကျပ် ၃၁၀၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ်နှစ်ကွင်းနှင့် ဇမ္ဗူသီရိမြို့နေ ဒေါ်ခင်အေးမိသားစု(လက်ပံခါးလှ)က ခန့်မှန်းငွေကျပ် ၃၁၀၀၀၀တန်ဖိုးရှိ ရွှေလက်ကောက်တစ်ကွင်း အပါအဝင် စုစုပေါင်းငွေကျပ်တစ်သိန်းနှင့် တစ်သိန်းအထက် အလှူရှင် ၁၈ ဦးနှင့် ရွှေ ငွေ ကျောက်မျက်ရတနာမျိုးစုံ အလှူရှင် ၇၆ ဦးတို့ လာရောက်လှူဒါန်းကြပြီး ဘဏ္ဍာရေးဆပ်ကော်မတီဝင်

**စာမျက်နှာ ၉ ကော်လံ ၅ သို့**

# နိုင်ငံတော်သမ္မတထံသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အိတ်ဖွင့်စာ မေတ္တာရပ်ခံတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၂

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က မေတ္တာရပ်ခံတင်ပြသည့် အိတ်ဖွင့်စာတစ်စောင်ကို ယနေ့ရက်စွဲဖြင့် ပေးပို့ခဲ့သည်။**

အဆိုပါအိတ်ဖွင့်စာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**နိုင်ငံတော်သမ္မတခင်ဗျား**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အနေဖြင့် အကျဉ်းထောင်အတွင်း၌ ရှိနေသူများအား လွှတ်ပေးရေးကိစ္စနှင့် ပတ်သက်ပြီး တည်ဆဲဥပဒေကို ချိုးဖောက်လာသဖြင့် အကျဉ်းကျခံနေသူများအနက် နိုင်ငံတော်တည်ငြိမ်ရေးနှင့် အများပြည်သူ အေးချမ်းသာယာရေးကို ထိပါးမည့်၊ တိုင်းရင်းသားအကျိုးစီးပွားကို ထိပါးမည့် အန္တရာယ်မရှိနိုင်သော အကျဉ်းသားများကို လွှတ်ပေးခြင်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါ၍ နိုင်ငံတော်သမ္မတ၏ မေတ္တာစေတနာကို ထင်ဟပ်ဖော်ပြသည့်အနေဖြင့် ၎င်းတို့အား ကျခံနေရသော ပြစ်ဒဏ်အသီးသီးမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး အကျဉ်းထောင်မှ လွှတ်ပေးရေးကို အလေးထား စဉ်းစားပေးရန် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၀ ရက်စွဲပါ အိတ်ဖွင့်စာဖြင့် မေတ္တာရပ်ခံတင်ပြခဲ့ပါသည်။

၂။ နိုင်ငံတော်သမ္မတကြီးအနေဖြင့် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် အကျဉ်းကျနေသူ ၆၃၅၉ ဦးအား လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ပါသဖြင့် များစွာအားရကျေနပ်မိပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးအတွက် အထက်ပါကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းကိုလည်းကောင်း ပြည်တွင်းပြည်ပမှ ထောက်ခံကြိုဆိုကြသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အခန်းကဏ္ဍကိုလည်း ပိုမိုစိတ်ဝင်စားကာ အသိအမှတ်ပြုလာကြသည်ဟု ယူဆရပါသည်။

၄။ မြန်မာနိုင်ငံအကျဉ်းထောင်များတွင် အကျဉ်းကျသူများအနက် အချို့မှာ နိုင်ငံရေးလှုပ်ရှားမှု ပြုလုပ်ခဲ့သူများ ပါဝင်သော်လည်း ၎င်းတို့ အကျဉ်းကျနေခြင်းသည် တည်ဆဲဥပဒေကိုချိုးဖောက်သဖြင့် ပြစ်ဒဏ်ကျခံနေရသူများဖြစ်သည်ဟူသော နိုင်ငံတော်အစိုးရ၏ ရပ်တည်ချက်ကိုလည်း ကော်မရှင်အနေဖြင့် လက်ခံသဘောပေါက်ပါသည်။ တစ်ဖက်တွင်လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အချို့သောနိုင်ငံတို့က မြန်မာနိုင်ငံတွင် "ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ" ("Prisoners of Conscience") ဟု ဖော်ညွှန်းသော အကျဉ်းကျနေသူ ၂၀၀၀ နီးပါးရှိသည်ဟု ပြောကြားမှုများ ရှိပါသည်။ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွှတ်ပေးခဲ့သည့် အကျဉ်းသား ၆၃၅၉ ဦးအနက် အဆိုပါစာရင်းဝင် အကျဉ်းသား ၂၀၀ ကျော်ခန့်ရှိသည်ဟုလည်း ပြောဆိုလျက်ရှိပါသည်။

၅။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ယခုကိစ္စနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဌာနများသို့ မေးမြန်းစုံစမ်းခဲ့ရာတွင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများသည် အနောက်နိုင်ငံအချို့နှင့် အခြားသတင်းအရင်းအမြစ်ဌာနများမှ ၂၀၀၀ နီးပါးရှိသည်ဟုဆိုသော စာရင်းကို တောင်းယူပြီး အကျဉ်းကျနေသူများ စာရင်းနှင့်တိုက်၍ စစ်ဆေးရာတွင် ထိုစာရင်းအနက် အကျဉ်းထောင်များတွင် ၅၀၀ ခန့်သာရှိကြောင်း သိရှိရပါသည်။ အဆိုပါ ၅၀၀ ခန့်အနက် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ၂၀၀ ကျော် လွှတ်ပေးခဲ့သည်ကို သိရှိရပါသဖြင့်လည်း များစွာကျေနပ်ဝမ်းမြောက်မိပါသည်။

၆။ အဆိုပါ ကျန်ရှိသည့်အကျဉ်းကျနေသူများအပြင် နိုင်ငံတော်တည်ငြိမ်ရေးနှင့် အများပြည်သူအေးချမ်းသာယာရေးကို ထိပါးမည့်၊ တိုင်းရင်းသားအကျိုးစီးပွားကို ထိပါးမည့် အန္တရာယ်မရှိနိုင်သော အကျဉ်းသားများကို ထပ်မံလွှတ်ပေးခြင်းဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ၎င်းတို့ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ကြမည့်အပြင် အမျိုးသားစည်းလုံးညီညွတ်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေလိမ့်မည်ဟု ယူဆပါသည်။

၇။ သို့ပါ၍ နိုင်ငံတော်သမ္မတ၏ စေတနာကို ထင်ဟပ်ဖော်ပြသည့်အနေဖြင့် နောက်တစ်ကြိမ် လွတ်ငြိမ်းချမ်းသာခွင့် ပြုသည့်အခါ အထက်ဖော်ပြပါ အကျဉ်းသားများကို အပြစ်ဒဏ်အသီးသီးမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး အကျဉ်းထောင်မှ လွှတ်ပေးရေးကို အလေးထား စဉ်းစားပေးပါရန် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ထပ်မံမေတ္တာရပ်ခံတင်ပြအပ်ပါသည်။

၈။ အကျဉ်းကျခံနေရသူများအနက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကိုထိန်းသိမ်းရန် လိုအပ်ချက်အရ လွတ်ငြိမ်းချမ်းသာခွင့်တွင် ထည့်သွင်းမပေးနိုင်သေးသည့်သူများရှိပါကလည်း ထိုသူများသည် မိသားစုနှင့် ဝေးလံသည့်ဒေသရှိ အကျဉ်းထောင်များတွင် ကျခံနေသူများဖြစ်ပါက မိသားစုတွေ့ဆုံနိုင်ရန် သွားလာ၍ လွယ်ကူသည့် အကျဉ်းထောင်များသို့ ပြောင်းရွှေ့ပေးနိုင်ပါရန်လည်း စဉ်းစားပေးပါရန် တင်ပြအပ်ပါသည်။

**ရိုသေလေးစားစွာဖြင့်**

**(ပုံ) ဝင်းမြ**

**ဥက္ကဋ္ဌ**

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ(ကိုယ်စား)**

**ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်။**

**နေရာ၊ ရန်ကုန်မြို့။**